စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

myantrade

အမှတ်စဉ် ၅/၂၀၂၀

**၂၀၂၀ ပြည့်နှစ်၊ မေလ သတင်းခေါင်းစဉ်များ**

**ပြည်တွင်းဈေးကွက်**

- နွေစပါးဖြိုင်ဖြိုင်ပေါ်ချိန် စပါးအစိုတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းအောက်ကျဆင်း
- ပေါ်ဦးပေါ်ဖျား ပဲတီစိမ်းသီးနှံများ မန္တလေးဈေးကွက်သို့ အဖွင့်ဈေးကောင်းဖြင့် ဝင်ရောက်လာ
- စတော်ဘယ်ရီသီး အထွက်နှုန်းကျလာပြီး ဈေးကွက်ပျောက်နေသဖြင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချ
- မြန်မာစိန်တလုံးသရက်သီးများ အဖွင့်ဈေးကောင်းဖြင့် စတင်ထွက်ရှိလာ
- ကမ္ဘာ့ဈေးကွက်လိုအပ်ချက်မြင့်နေ၍ ဒေသမျိုးရင်း အုန်းပင်များစိုက်ရန်တိုက်တွန်း
- ကမ္ဘာ့ရေနံဈေးနှုန်း ကျဆင်းနေသော်လည်း ပီတီတီအီးပီအနေဖြင့် ကြိုတင်လျာထားချက်အတိုင်း ဆက်လက်လည်ပတ်မည်

**နိုင်ငံတကာဈေးကွက်**

- အာဆီယံ ဆန်ဂယက်
- အသွားအလာပိတ်လိုက်သည့် အိန္ဒိယတွင် ဆန်လုပ်ငန်းများ ရပ်တန့်ကုန်ကာ ဆန်ဈေး သုံးလတာအနိမ့်ဆုံးကျဆင်း
- ဗီယက်နမ်က ဧပြီနှင့်မေလတွင် ဆန်တန်ချိန် ရှစ်သိန်းသာ တင်ပို့ဖွယ်ရှိ
- ကမ္ဘောဒီးယားက ကပ်ရောဂါကြုံနေရချိန် ပြည်တွင်းဖူလုံရန် ဆန်နှင့် ငါးတင်ပို့မှုကို ပိတ်ပင်
- ကိုဗစ်-၁၉ ကြောင့် ရေနံဈေးဖရိုဖရဲဖြစ်မှုသည် ရေနံဈေးကွက်ကို နောက်တစ်ကြိမ်ကိုင်လှုပ်

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- အိန္ဒိယနိုင်ငံသို့မတ်ပဲတင်ပို့ရန်ပြည်တွင်း၌ပဲအလုံအလောက်ရှိသော်လည်းကိုဗစ်-၁၉ကြောင့်နှစ်နိုင်ငံကြား ကုန်စည်စီးဆင်းမှု နှောင့်နှေးလျက်ရှိ
- တန်ဖိုးမြှင့်သီးနှံပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံကိန်းကို ဩဂုတ်လလယ်ခန့်တွင် စတင်အကောင်အထည်ဖော်မည်
- ထိုင်းသို့တင်ပို့သည့် မြန်မာ့ပြောင်းဆန်များ ဝယ်ယူမှုနည်းပါး၍ အခက်ကြုံ
- ထားဝယ်စီးပွားရေးဇုန် Video Conferencing ဆွေးနွေးချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအသစ်များ တိုးတက်လာမည်ဟုဆို

**ပြည်ပကုန်သွယ်မှုသတင်း**

- တရုတ်နှင့်ထိုင်းတို့က ဝယ်ယူမှုများနေခြင်းကြောင့် ငရုတ်အစိုဈေး သိသိသာသာမြင့်တက်
- ပြည်တွင်းAဘဏ်၏ရှယ်ယာကျပ်ဘီလီယံ၃၀၀ကျော်ကိုထိုင်း k ဘဏ်ဝယ်ယူ

**အထူးဆောင်းပါးများ**

- လေလွင့်ဆုံးရှုံးမှု နည်းပါးစေရန် ပဲတီစိမ်းသီးနှံ

**ကုန်သွယ်မှုအခြေအနေ**

**ကုန်စည်ဈေးနှုန်းများ**

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
ဖက်စ် ၀၁ -၃၇၆၃၀၆
http://www.myantrade.gov.mm
myantradetir2018@gmail.com

# ပြည်တွင်းစျေးကွက်

## နွေစပါးဖြိုင်ဖြိုင်ပေါ်ချိန် စပါးအစိုတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းအောက်ကျဆင်း

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာဆည်တမံရေသောက် နွေစပါးစိုက်ခင်းများ ရိတ်သိမ်းလျက်ရှိပြီး ယခုလက်ရှိ စပါးဖြိုင်ဖြိုင်ပေါ်ချိန်တွင် ရောင်းလိုအားနှင့် ဝယ်လိုအားကို ချိန်တွက်ကာ ကုန်သည်များက စျေးနှုန်းကို ထိန်းချုပ်လျက်ရှိ၍ စပါး အစိုတင်း ၁၀၀ လျှင် ကျပ် ၄၈၀၀၀၀ အထိ ကျဆင်းခဲ့ကြောင်း သိရသည်။ "တောင်သူတွေ စပါးပေါ်ရင် ထုံးစံလိုပါပဲ။ စျေးနှုန်းဖွင့်တာက ကုန်သည်တွေဆိုတော့ အခုသူတို့ဆန် စက်တွေမှာ စပါးတွေပုံနေတယ်။ ရောင်းလိုအားကများတော့ စျေးနှုန်းက ဖမ်းထိန်းလိုက်တဲ့သဘောပါပဲ" ဟု အင်းပက်လက်ကျေးရွာနေ စပါး အရောင်းအဝယ် လုပ်သူတစ်ဦးက ပြောသည်။ တောင်သူများအနေဖြင့် လက်ရှိစပါးများ ရိတ်သိမ်းလျက်ရှိရာတွင် ရိတ်ခြွေစက်ဖိုးနှင့် သွင်းအားစု ဓာတ်မြေဩဇာ အကြွေးများကို အမြန်ဆုံးပေးဆပ်နိုင်ရန် စက်ကျအစိုကိုသာ စပါးအရောင်းအဝယ်လုပ်သူနှင့် ချိတ်ဆက်ကာ ရောင်းချကြခြင်းနှင့် ပတ်သက်၍ "ကျွန်တော်တို့တောင်သူ တွေက စပါးကို ခြောက်အောင်အထိ မထားနိုင်ကြဘူးလေ။ စပါးသယ်ယူရတာ၊ အခြောက်လှန်းဖို့အတွက် လူငှားရတာတွေက ငွေကြေးထပ်ကုန်မယ့်အပြင် စပါးကလည်းလျော့သွားဦးမှာ။ နောက် ဓာတ်မြေအကြွေးတွေကလည်း အတိုးကတက်နေတာရယ်၊ ရိတ်ခြွေခက စပါးရောင်းပြီးတာနဲ့ တန်းပေးရတာဆိုတော့ အစိုစျေးနှုန်းအတိုင်းပဲရောင်းရတာပဲ"ဟု ဆွာမင်းလမ်းကျေးရွာနေ တောင်သူတစ်ဦးက ပြောသည်။



စပါးစိုက်ပျိုးရာတွင် နှစ်စဉ်လိုလို အရှုံးပေါ်နေကြရသည့် တောင်သူများ အနေဖြင့် လက်ရှိစပါးအစိုတင်း ၁၀၀ လျှင် ငွေကျပ်ငါးသိန်းစျေးဖြင့် ရောင်းချရသည့်အခါ အဆင်ပြေကြသော်လည်း စျေးနှုန်းများ ထပ်မံကျဆင်းလျှင် အခက်အခဲများကြုံတွေ့နိုင်သည်ဖြစ်ရာ လက်ရှိကာလနွေစပါးများပေါ်ခြင်းကြောင့် မိုးစပါးမတိုင်မီ ဆန်ရိက္ခာ လိုအပ်မှုများဖြည့်တင်းနိုင်မည်ဖြစ်သည်။

Source:https://www.facebook.com/MYANMAALINNNEWS/?epa=SEARCH_BOX (20.4.2020)

## ပေါ်ဦးပေါ်ဖျား ပဲတီစိမ်းသီးနှံများ မန္တလေးစျေးကွက်သို့ အဖွင့်စျေးကောင်းဖြင့် ဝင်ရောက်လာ

သင်္ကြန်အပြီးကာလ မန္တလေးပဲစျေးကွက် ပြန်လည်ဖွင့်လှစ်သည့် ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မြောင်နှင့် မြင်းမူမြို့နယ်များမှ ပေါ်ဦးပေါ်ဖျား စတင်ထွက်ရှိလာသည့် ပဲတီစိမ်း(အညာရွှေဝါ) သီးနှံများ အဖွင့်စျေးကောင်းဖြင့် ဝင်ရောက်လာကြောင်း မန္တလေး ပဲကုန်သည်များထံမှ သိရသည်။ အဆိုပါ ပဲတီစိမ်းသီးနှံမှာ သင်္ကြန် မတိုင်ခင်ကာလက စျေးကွက်အတွင်း သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်စျေးသာရှိခဲ့ပြီး ယခုသင်္ကြန်အပြီး စျေးကွက်စတင်ဖွင့်လှစ်သည့် ယနေ့တွင် ငွေကျပ် ၁၂၅၀၀၀ ပေါက်စျေးဖြင့် အဖွင့် စျေးကောင်းမွန်ကာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့် ပွဲရုံ)ကပြောသည်။ "သင်္ကြန် အပြီးမှာ မန္တလေး ကုန်စည်ဒိုင်ကလည်း ဒီနေ့မှာ စဖွင့်ပါတယ်။ စျေးကွက် အဖွင့်မှာပဲ ပဲတီစိမ်းသီးနှံအပြင် အခြား နှမ်းနက်၊ မြေပဲ၊ ထောပတ်ပဲ သီးနှံတွေလည်း တရုတ်နိုင်ငံရဲ့ ဝယ်လိုအားကြောင့် အမြင့်စျေးတွေနဲ့ အရောင်းအဝယ်သွက်နေကြတယ်။ တချို့ ပွဲရုံတွေ အနေနဲ့လည်း ကိုဗစ် - ၁၉ ရောဂါ ကာကွယ်တဲ့အနေနဲ့ သူတို့ရဲ့ ပွဲရုံ တွေကပဲ အွန်လိုင်းကနေ အရောင်းအဝယ်တွေ လုပ်နေကြတယ်။ ဒီလိုကမ္ဘာ့ကပ်ရောဂါကြီးဖြစ်ပွားနေတဲ့ အချိန်မှာ ကျွန်တော်တို့ပဲစျေးကွက်က အရောင်းအဝယ်တွေ ရပ်တန့်မသွားဘဲ ရောင်းပန်းသာပြီး ဝယ်ပန်းလှနေတာမြင်တွေ့ရလို့ တောင်သူတွေကိုယ်စားဝမ်းသာကြည်နူးမိ ပါတယ်" ဟု ၎င်းက ပြောသည်။



မန္တလေးကုန်စည်ဒိုင် စဖွင့်သည့် ယနေ့တွင် စျေးကွက်အတွင်း၌ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀ စျေးဖြင့်လည်းကောင်း၊ ကုလားပဲ (V2) သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် လည်းကောင်း၊ ပဲတီစိမ်း(ခရမ်းရွှေဝါ)မှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၁၂၈၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲစင်းငုံ(အနီ)မှာ ငွေကျပ် ၇၃၀၀၀ နှုန်းဖြင့်လည်းကောင်း၊ မတ်ပဲ (အသစ်) မှာ ငွေကျပ် ၉၈၀၀၀ နှုန်းဖြင့် လည်းကောင်း၊ နှမ်းနက်(ထိပ်စ)မှာငွေကျပ် ၂၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ထောပတ်ပဲမှာ ငွေကျပ် ၈၈၀၀၀ နှုန်းဖြင့် လည်းကောင်း မြေပဲလုံးဆန် (အနီ) တစ်ပိဿာလျှင် ငွေကျပ် ၃၄၀၀ နှုန်းဖြင့်လည်းကောင်း၊ မြေပဲလုံးဆန်(အဖြူ) တစ်ပိဿာလျှင် ငွေကျပ် ၃၂၀၀ နှုန်းဖြင့်လည်းကောင်း အရောင်းအဝယ် သွက်လျက်ရှိသည်။ ယခုထွက်ရှိသည့် ပဲတီစိမ်း (အညာရွှေဝါ) သီးနှံများမှာ ဧရာဝတီမြစ်ကမ်းအနီးတွင် နွေရာသီ ကာလ၌ ရေသွင်းစိုက်ပျိုး ထားခြင်းဖြစ်ပြီး မကြာမီရက်များအတွင်း မတ္တရာနှင့် စဥ့်ကူးဒေသများမှ ထွက်ရှိသည့် ပဲတီစိမ်းသီးနှံများ စျေးကွက်သို့ ထပ်မံဝင်ရောက်လာတော့မည်ဖြစ်ကြောင်း သိရသည်။

Source: https://www.facebook.com/MYANMAALINNNEWS/?epa=SEARCH_BOX

## စတော်ဘယ်ရီသီး အထွက်နှုန်းကျလာပြီး ဈေးကွက်ပျောက်နေသဖြင့် အွန်လိုင်းစနစ်ဖြင့်ရောင်းချ

ပြင်ဦးလွင်နယ်ထွက် စတော်ဘယ်ရီသီးများ ရာသီကုန်တော့မည်ဖြစ်၍ အထွက်နှုန်းကျနေချိန် ဈေးကွက်ပျောက်နေသဖြင့် ယခုအခါအွန်လိုင်းစနစ်ဖြင့်ပါရောင်းချနေရကြောင်း ပြင်ဦးလွင်အနီးစခန်းရှိ သစ်သီးပွဲရုံတစ်ရုံမှ သိရသည်။ ပြင်ဦးလွင်မြို့နယ်တွင် စတော်ဘယ်ရီပင်များကို ဇူလိုင်လမှ စတင်စိုက်ပျိုးရာ အစောဆုံးအသီးများမှာ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း စတင်ထွက်ရှိသည်။ ယခုနှစ် စတော်ဘယ်ရီသီးထွက်ချိန်၌ တရုတ်ပြည်မှ စတင်ဖြစ်ပွားခဲ့သော COVID–19 ကူးစက်ရောဂါဖြစ်ပွားချိန်နှင့် ကြုံတွေ့ရသဖြင့် တရုတ်ပြည်မှ ဝယ်လိုအားမရှိတော့ဘဲ ပြည်တွင်းဈေးကွက်မှာသာ ဈေးပေါပေါဖြင့် ရောင်းချကြရသည်။ "ဒီနှစ် စတော်ဘယ်ရီစိုက် တောင်သူတွေ ဖေဖော်ဝါရီလပိုင်းအထိ အထွက်နည်းပြီး အရင်နှစ်တွေလို ဈေးကောင်းမရဘူး။ မတ်လပိုင်းအစမှာ ဒေသသီး ရာသီဥတုကောင်းလာလို့ အထွက်များလာတယ်။ နယ်တွေလည်း ရောင်းအားတက်၊ ဈေးလေးလည်း ကောင်းလာမယ် ရှိသေးတယ်၊ ကိုဗစ်ကြောင့် အခုဆိုရင် အရောင်းအဝယ် ပျက်သွားပါတယ်။ တောင်သူတွေအနေနဲ့ စိုက်ခင်းထဲမှာ ခြောက်လလုံး မှော်လင့်ချက်တွေနဲ့ အလုပ်လုပ်ခဲ့တာပါ။ အခု သုံးလပိုင်း၊လေးလပိုင်းမှာ ဈေးပြန်တက်အသီးရောင်းကောင်းချိန်မှာပဲ ရာသီဥတုပူလာလို့ အသီးထွက်ပြန်ကျသွားတယ်။ ဒီနှစ်တော့ ပြည်တွင်းဝယ်လက်ပါ ပျက်သွားလို့ စတော်ဘယ်ရီစိုက်ခင်းတွေမခူးတော့ဘဲပစ်ထားတဲ့အထိရှိနေတယ်"ဟု ပြင်ဦးလွင်မြို့နယ်ကျောက်ဖျာဒိုးရွာမှ စတော်ဘယ်ရီစိုက်တောင်သူတစ်ဦးကပြောသည်။ စတော်ဘယ်ရီစိုက်တောင်သူများအနေဖြင့် အသီးထွက်ချိန် ဈေးအရနည်းနေ၍ စိုက်ခင်းအစာကျွေးခြင်း၊ မြေဆီထည့်ခြင်း၊ ဆေးဖျန်း ခြင်းမပြုလုပ်နိုင်ကြတော့ဘဲ တချို့ တောင်သူများမှာ စိုက်ခင်းရေလောင်းခြင်းပင်မပြုကြတော့သလို အသီးမလှသဖြင့် အခင်းမပျက်ရုံလောက်သာ လတ်ချော့သီးရအောင် ရှာဖွေခူးနေရကြောင်း သိရသည်။ ယခုရက်ပိုင်းတွင် စတော်ဘယ်ရီသီး ဝယ်ယူသည့်ကုန်သည်များ အလာကျဲသဖြင့် ပြင်ဦးလွင်သစ်သီးပွဲရုံများမှ အွန်လိုင်းစနစ်ဖြင့်ရောင်းချပေး နေရာ အတော်အသင့် အဆင်ပြေမှုရှိ၍ ဈေးကွက်ပြန်လည် ရရှိလာသည်။



လက်ရှိအချိန်တွင် ယခင်နှစ်က ကျပ် ၂၀,၀၀၀ ဈေးဖြင့် ရောင်းချသော စတော်ဘယ်ရီ အကြွပ်သီး၊ ထိုင်ဝမ်သီး ငါးပိဿာ ၅၀ကျပ်သား တစ်ခြင်းကို ပွဲရုံလာယူဈေး ကျပ် ၈,၀၀၀၊ ငါးခြင်းနှင့်အထက်မှာယူသူများကို ပွဲရုံလာယူဈေးတစ်ခြင်း ကျပ် ၇,၅၀၀ ဖြင့် ရောင်းချကာ ကားဖြင့်တင်ပို့ရပါက ဂိတ်တင်ခ (တစ်ဂိတ်) ကျပ် ၁,၀၀၀ ဖြင့် ပို့ဆောင်ပေးလျက်ရှိပြီး ၁၀ ခြင်း နှင့်အထက်မှာယူသူများကို ဂိတ်တင်ခ ပေးရန်မလိုဘဲ ကားခသာ ကျခံရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်နှင့် မန္တလေးမြို့များသို့ အိမ်အရောက်ပို့ဆောင် ပေးကြောင်း သိရသည်။

Source: https://myanmar.mmtimes.com/news/138471.html

## မြန်မာ့စိန်တလုံးသရက်သီးများ အဖွင့်ဈေးကောင်းဖြင့် စတင်ထွက်ရှိလာ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည် မြို့နယ်အတွင်းမှ ရာသီပေါ်သီးနှံအဖြစ် စတင်ထွက်ရှိလာသည့် ရောင်းတန်း ဝင်မြန်မာ့စိန်တလုံးသရက်သီးများ အဖွင့်ဈေးကောင်းမွန်စွာဖြင့် တရုတ် နိုင်ငံသို့ တင်ပို့ရောင်းချနေပြီဖြစ်ကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။ ယခုနှစ်ရာသီတွင် ထွက်ရှိလာသည့် စိန်တလုံးသရက်သီးများမှာ အဖွင့်ဈေးကောင်းမွန်ခြင်းအတွက်နှုန်းသင့်တင့်ခြင်းများအပြင် တရုတ်နိုင်ငံသို့တင်ပို့ရောင်းချရန် နယ်စပ်မှုဆယ်ကုန်သွယ်ရေးလမ်းကြောင်းများလည်း ချောမွေ့နေသဖြင့် ယခုလို ဈေးဦးကောင်းသည့်အချိန်တွင် ဈေးကွက် ထိခိုက်မှုမဖြစ်ပေါ်စေရန် အရည်အသွေးပြည့်ဝသည့် သရက်သီး များကိုသာ တင်ပို့ရောင်းချကြရန် မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကြေညာချက်ထုတ်ပြန်ထားကြောင်း အဆိုပါအသင်းမှ အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။ “လက်ရှိဖြစ်ပေါ်နေတဲ့ ကိုဗစ်-၁၉ ရောဂါကြောင့် ကျွန်တော်တို့ရဲ့ သရက်ဈေးကွက်ကို ထိခိုက်မှုမရှိခဲ့ပါဘူး။ လောလောဆယ်မှာ အဖွင့်ဈေးကလည်းကောင်းပြီး အထွက်နှုန်းကလည်း သင့်တင့်တဲ့အပြင် တင်ပို့ တဲ့လမ်းကြောင်းကလည်း အဆင်ပြေနေတဲ့အတွက် အခုလို ဈေးဦးပေါက်ကောင်းနေတဲ့ အချိန်မှာ မရင့်သေးတဲ့အသီးတွေရောပြီး ထည့်ရောင်းလို့ဈေးနှိမ်ဝယ်ယူပြီး ဈေးကွက်ပျက်သွားမှာကို စိုးရိမ် ပါတယ်။ ဒါကြောင့်တောင်သူအချင်းချင်း၊ ပွဲစားကုန်သည်အချင်းချင်း အကျိုးကိုငဲ့ညှာပြီး ဈေးကွက် ထဲကို သရက်သီးရဲ့ အနံ့ အရသာနဲ့ အထားခံနိုင်မှုအခြေအနေ ကို တွက်ဆပြီး အမှန် တကယ်ရင့်တဲ့ အသီးတွေကိုသာ ခူးဆွတ်တင်ပို့ ရောင်းချကြဖို့ အသင်းအနေနဲ့ သရက် စိုက်တောင်သူတွေကိုယ်စား ကြေညာချက်ထုတ်ပြန်ပြီး မေတ္တာရပ်ခံထားပါ တယ်”ဟု ၎င်းက ဆက်ပြောသည်။

လက်ရှိ မူဆယ်ဈေးကွက်တွင် စိန်တလုံးသရက်သီးများအား ၁၆ ကီလိုဂရမ် တစ်ခြင်းလျှင်(ကားခနှင့် ခြင်းဖိုးမပါ) အသားတင် ပေါက်ဈေး ငွေကျပ် ၂၅၀၀၀ ဝန်းကျင် ရရှိနေပြီး ကိုဗစ်-၁၉ ရောဂါအခြေအနေကြောင့် ဈေးကွက်ကို ထိခိုက်မှုမရှိသော်လည်း သရက်သီးများအား အိတ်စွပ်ရန်အတွက် သရက်ခြံများရှိရာ ကျေးရွာ များသို့ အလုပ်သမားများ ဝင်ရောက် ရန် အခက်အခဲများနှင့် သရက်သီးမှ အနှစ်ထုတ်လုပ်မည့် ပြည်တွင်းကုမ္ပဏီ များအနေဖြင့် လုပ်သားခက်ခဲမှုပြဿနာများ ရှိနေကြောင်း ၎င်းကဆက်လက်ပြောသည်။ လာမည့်ရက်ပိုင်းအတွင်း၌ မြင်းခြံ၊ မလှိုင်မြို့နယ်များမှ ထွက်ရှိလာမည့် စိန်တလုံးသရက်များ ဈေးကွက်သို့ ထပ်မံဝင်ရောက်လာမည့် အပြင် မေလအတွင်း၌ အရည်အသွေး အကောင်းဆုံး စိန်တလုံး များ ဈေးကွက်အတွင်း လှိုင်လှိုင်ပေါ်ထွက် လေ့ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသ ကြီးအတွင်း၌ သရက်စိုက်ဧက ၃၂၅၇၅ဧကရှိကြောင်းသိရသည်။



Source: https://www.facebook.com/MYANMAALINNNEWS/?epa=SEARCH_BOX

## ကမ္ဘာ့ဈေးကွက်လိုအပ်ချက်မြင့်နေ၍ ဒေသမျိုးရင်းအုန်းပင်များစိုက်ပျိုးရန် တိုက်တွန်း

ကမ္ဘာ့ဈေးကွက်အတွင်း အုန်းသီးလိုအပ်ချက် မြင့်တက်နေသဖြင့် ဒေသမျိုးရင်းအုန်းပင် (အုန်းနို့၊ အုန်းဆီ ထွက်ရှိသည့် အုန်းပင်မျိုးရင်း)တိုးချဲ့ စိုက်ပျိုးကြရန် အုန်းသီးအသင်းဥက္ကဋ္ဌ ဒေါ်စန်းစန်းဟန်က တိုက်တွန်းသည်။ "ထိုင်းနိုင်ငံက အုန်းစိမ်း ရည်သောက်တဲ့ အုန်းသီးမျိုးတွေ ဧကများစွာ စိုက်ထားတဲ့သူတွေရှိတယ်။ ကျွန်မကို သူတို့အကြံဉာဏ်လာတောင်းတဲ့အခါ ဒေသမျိုးရင်းအုန်းပင်တွေကိုပဲစိုက်ဖို့အကြံပေးပါတယ်။ ထိုင်းနိုင်ငံအုန်းပင်တွေကသူတို့ပိုင်တဲ့အုန်းပင်မျိုးဖြစ်ကြောင်း တရားဝင် မှတ်ပုံတင်ထားတဲ့အတွက် အုန်းသီးခူးဆွတ်ပြီး ပြည်ပကို တင်ပို့ရောင်းချနိုင်ဖို့က မလွယ်ကူပါဘူး"ဟု ဒေါ်စန်းစန်းဟန်က ပြောသည်။

၂၀၁၉ ခုနှစ်အတွင်း သီရိလင်္ကာနိုင်ငံက မြန်မာနိုင်ငံအတွင်း တန်ဖိုးမြင့် အုန်းသီးထုတ်ကုန် စက်ရုံ တည်ထောင်နိုင်ရန် လာရောက်စုံစမ်းခဲ့သော်လည်း ပြည်တွင်းခြံပိုင်ရှင်များက ဈေးကစားခြင်း၊ ပုံမှန်တင် သွင်းနိုင်မည့် အုန်းသီးပမာဏမှန်ကန်စွာ မပြောခြင်း တို့ကြောင့် စက်ရုံတည်ထောင်မည့် ကိစ္စ ပျက်သွားခဲ့သည်ဟု ၎င်းကပြောသည်။ ပြည်တွင်းမှ အုန်းသီးများကို တရုတ်နှင့် ထိုင်းနိုင်ငံတို့သို့ တင်ပို့ရောင်းချမှုများရှိသော်လည်း COVID –19 ဖြစ်ပွားမှုကြောင့် ရပ်ဆိုင်းနေကြောင်း ၎င်းကပြောသည်။ အိန္ဒိယနိုင်ငံက အုန်းသီးတန်ချိန် ၄၀၀၀ ဝယ်ယူရန် ကမ်းလှမ်းလာသော်လည်း ပြည်တွင်းတွင် အုန်းသီး လုံလောက်မှု မရှိကြောင်း အုန်းသီးတင်ပို့ရောင်းချသည့် လုပ်ငန်းရှင် ဦးမျိုးဝင်းကပြောသည်။ "ပြည်ပကို အုန်းသီးတင်ပို့ ရောင်းချရမှု ရပ်တန့်နေပေမယ့် ပြည်တွင်းအုန်းသီး သုံးစွဲမှုနှုန်းက အရင်ကထက် တိုးလာတဲ့အတွက် အုန်းသီးဈေးနှုန်း ကျဆင်း သွားတာ မရှိပါဘူး"ဟု ဦးမျိုးဝင်းက ပြောသည်။ လက်ရှိတွင် အုန်းသီးခြောက် တစ်လုံး ကျပ် ၃၀၀ နှင့်၊ အုန်းသီးစိမ်းတစ်လုံး ကျပ် ၅၀၀ ပေါက်ဈေး ရှိသည်။




Source: https://myanmar.mmtimes.com/news/138068.html

## ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းနေသော်လည်း ပီတီတီအီးပီအနေဖြင့် ကြိုတင်လျာထားချက်များအတိုင်း ဆက်လက် လည်ပတ်မည်

လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ၏ ရိုက်ခတ်မှုကြောင့် ကမ္ဘာ့ရေနံဈေးကွက်မှာအကျပ်အတည်းနှင့် ရင်ဆိုင်နေရ လျက်ရှိရာ ပီတီတီအီးပီမြန်မာ့စီမံကိန်းအနေဖြင့် ယခင် ကြိုတင်လျာထားချက်အတိုင်းသာ လုပ်ငန်းများကို ဆက်လက် လည်ပတ် လုပ်ဆောင်မည်ဖြစ်ကြောင်း ပီတီတီအီးပီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်တို့ထံမှ သိရသည်။ မကြာသေးမီက မြန်မာနိုင်ငံရှိ ဇောတိကကမ်းလွန် စီမံကိန်း၏ 1A ၊ 1B နှင့် 1C တို့၏ လုပ်ဆောင်ဆဲအဆင့်များကို ပြန်လည် သုံးသပ်ခြင်း ဆောင်ရွက်မှုတွင် စာချုပ်ပါ ကတိကဝတ်များအတိုင်း ခွင့်ပြုထားသော တိုးချဲ့ကာလအတွင်း ရေနံနှင့်သဘာဝ ဓာတ်ငွေ့ကို လုံလောက်စွာ ထုတ်လုပ်နိုင်မည့် ရေနံသိုက်များ တည်ရှိနေကြောင်း ဖော်ပြထားရာ ထိုစီမံကိန်း၏ စီးပွားရေးကဏ္ဍ အလုံးစုံကို ထိခိုက်မှုမရှိနိုင်သောကြောင့် ID ၏လုပ်ဆောင်မှုအဆင့်အတွက် လိုအပ်သော ဝယ်ယူမှုလုပ်ငန်းများကို ခေတ္တ ရွှေ့ဆိုင်းရန် ဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ တို့၏ရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်တို့ကို စာချုပ်ပါ ကတိကဝတ်များအတိုင်း ဖြည့်ဆည်းဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

ကမ္ဘာ့ရေနံဈေးကျဆင်းခြင်းကြောင့် ရေရှည်တွင်ရောင်းအားပမာဏအကျိုးသက်ရောက်နှင့်စပ်လျဉ်း၍ ပီတီတီအီးပီ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်ဖြစ်သော Mr. Phongsthorn Thavisin က "ကိုဗစ်-၁၉ကြောင့် မတ်လကတည်းက ဖြစ်ပေါ်ခဲ့တဲ့ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှု ၆၀ ရာခိုင်နှုန်းဟာ အခုနှစ်အတွက် လျာထားတဲ့ ပီတီတီအီးပီရဲ့ ရောင်းအားပမာဏ အပေါ် သိသိသာသာရိုက်ခတ် မှုရှိမှာမဟုတ်ပါဘူး။ အခုနှစ်အတွက် ကြိုတင်ရည်မှန်း ထားတဲ့ တစ်ရက်ကို ရေနံစည်ပေါင်း ၃၈၈၀၀၀ ပျမ်းမျှ ရောင်းအားမှာ ငါးရာခိုင်နှုန်းအောက်သာ လျော့နည်းနိုင်မယ်လို့လည်း ခန့်မှန်းထားပါတယ်။ ကုန်ထုတ်လုပ်မှုအများစုကို ကိုယ်စားပြုတဲ့ သဘာဝဓာတ်ငွေ့ရောင်းချမှုပမာဏကို လည်း အရောင်းသဘောတူညီချက်စာချုပ်တွေအတိုင်း လုံလောက်စွာ ထုတ်လုပ်ပြီး ဖြစ်ပါတယ်။ စုစုပေါင်း ရောင်းအားရဲ့ ၃၀ ရာခိုင်နှုန်းကို နေရာယူထားတဲ့ ရေနံဈေး ရောင်းဈေးကတော့ ပြင်ပမှာ ဈေးနှုန်းမကျရေးအတွက် စီမံထားပေမယ့် ရေနံဈေးကွက် မတည်ငြိမ်မှုကြောင့် တိုက်ရိုက်သက်ရောက်မှု ရှိနေပါတယ်။ စီမံကိန်းအများစုအတွက် သဘာဝဓာတ်ငွေ့ဈေးနှုန်းကို ရောင်းဝယ်ရေး သဘောတူညီချက် တွေအတိုင်းချမှတ်ထားပြီး ဖြစ်ပါတယ်။ ဒီလိုရေနံဈေးနှုန်းကျဆင်းမှုဟာ ဆက်လက်ကြာရှည်နေမယ်ဆိုရင် အနာဂတ်မှာပီတီတီအီးပီအတွက် အကျိုးသက်ရောက်မှုကတော့ အတိုင်းအတာတစ်ခုအထိ ရှိလာ မှာပါ"ဟု ပြောကြားသည်။

PTTEP Myanmar Asset သည် မြန်မာနိုင်ငံတွင် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံများအတွက် ရေနံဓာတုပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန် အဓိက ဦးတည်ဆောင်ရွက်နေသော ထိုင်းနိုင်ငံရေနံရှာဖွေရေးနှင့် ထုတ်လုပ်ရေး ကုမ္ပဏီတစ်ခုဖြစ်သော PTT Exploration and produ- ction public Company Limited(P TTEP) ၏လုပ်ငန်းခွဲ ကုမ္ပဏီတစ်ခုဖြစ်ရာ ထိုင်းနိုင်ငံ၏ Stock Exchange တွင် ထိပ်တန်းကုမ္ပဏီ ၁၀ ခု စာရင်းဝင် အများပိုင် ကုမ္ပဏီတစ်ခုဖြစ်၍ ကမ္ဘာတစ်ဝန်း၌ ရေနံရှာဖွေထုတ်လုပ်ရေးစီမံချက်များ ဆောင်ရွက်နေကြောင်း သိရသည်။
Source:https://www.facebook.com/MYANMAALINNNEWS/?epa=SEARCH_BOX (20.4.2020)

## နိုင်ငံတကာဈေးကွက်

### အာဆီယံ ဆန်ဂယက်

အရှေ့တောင်အာရှတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှု လျင်မြန်စွာ ဖြစ်ပွားသဖြင့် ဒေသတွင်းရှိ အစိုးရတို့သည် စားနပ်ရိက္ခာဖူလုံရေးအထူးသဖြင့် အဓိကကျသည့် ဆန်ဖူလုံရေးကို ကြပ်မတ်ဆောင်ရွက်ကြသည်။ ဆန်စိုက်ပျိုး ထုတ်လုပ်သော နိုင်ငံများက ပြည်ပဆန်တင်ပို့မှုကို ဆိုင်းငံ့ထားလိုက်ကြသည်။ ထိုင်းနိုင်ငံသည် ကမ္ဘာ့ဒုတိယအများဆုံး ဆန်တင်ပို့သည့် နိုင်ငံဖြစ်ပြီး ဧပြီလ ၃ ရက်တွင် ကာဖြူး ပြဋ္ဌာန်းရာ အိမ်မှာနေ stay home ကာလ ကြာမြင့်နိုင်သည်ကို စိုးရိမ်သဖြင့် ဆန်များ အလုအယက်ဝယ်ယူကြသည်။ ကမ္ဘာ့ တတိယအများဆုံး ဆန်တင်ပို့သည့် ဗီယက်နမ်နိုင်ငံသည် မတ်လ ၂၄ ရက်တွင် ပြည်ပသို့ ဆန်တင်ပို့ခြင်းကို တားမြစ်လိုက်သည်။ ထို့နောက် ကမ္ဘောဒီးယားကလည်း အလားတူပင် ပြည်ပတင်ပို့ခြင်းကို ရပ်ဆိုင်းထား လိုက်သည်။

ဆန်အမြောက်အမြား တင်ပို့သောနိုင်ငံတို့က ပြည်တွင်းစားသုံးမှုဖူလုံရေးကို စိုးရိမ်သဖြင့် ပြည်ပတင်ပို့မှုများ ရပ်ဆိုင်း ပစ်လိုက်သောအခါ ဆန်ကိုပြည်ပမှတင်သွင်းပြီး စားသုံးနေသည့်နိုင်ငံများမှ အကြီးတန်းအရာရှိတို့သည် အာဆီယံအဖွဲ့ဝင် နိုင်ငံများအားလုံးကို ဗီဒီယိုထိပ်သီးအစည်းအဝေးအရေးပေါ်ခေါ်ယူပြီး စားနပ်ရိက္ခာကိစ္စရပ်ကို အဖွဲ့ဝင် ၁၀ နိုင်ငံအကြား ဆွေးနွေးသည်။ အခြေခံအားဖြင့် သဘောတူညီချက်ရရှိသည်မှာ အာဆီယံနိုင်ငံတို့သည် ကုန်သွယ်မှုကိုဖွင့်ပေးထားရမည် ဖြစ် ပြီး အဖွဲ့ဝင်နိုင်ငံတို့ ကုန်စည်များ အထူးသဖြင့် စားနပ်ရိက္ခာဝယ်ယူရန် ခွင့်ပြုထားရမည်ဖြစ်သည်။ သို့သော် နိုင်ငံအသီးသီး တို့သည် မိမိနိုင်ငံအတွက် စားနပ်ရိက္ခာဖူလုံရေး သေချာအောင်လုပ်ဆောင်ပိုင်ခွင့်ရှိသည်။ ဥပမာ အားဖြင့်ဆန်တင်ပို့သည့် ဗီယက်နမ်သည် တင်ပို့မှုကိုရပ်ဆိုင်းသည့် ဆောင်ရွက်ချက်မျိုးကို လုပ်ဆောင်ခွင့်ရှိသည်။ ထိုအချက်နှစ်ချက်အကြား ပြေလည်မည့် သဘောတူညီချက်ရရှိရန် အချိန် ယူပြီး ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်သည်။



ဗီယက်နမ်သည် ပြည်ပသို့ ဆန်တင်ပို့ခြင်းကို ပိတ်ပင်ခြင်းအပြင် ပြည်တွင်းစားသုံးမှု ဖူလုံရေးကို ရှေ့ရှုဆောင်ရွက် သည်။ ပြည်ပတင်ပို့သူများနှင့် ပြည်တွင်း ဆန်ဖြန့်ဖြူး ရောင်းချသူတို့က ပြဋ္ဌာန်းထားသည့် ကန့်သတ်ချုပ်ချယ်မှုများ ဖယ်ရှား ပေးရန်တောင်းဆိုကြသည်ကို လျစ်လျူပြုထားသည်။

ဘဏ္ဍာရေးဝန်ကြီးက ဧပြီလ ၁၄ ရက်တွင် အသိပေးပြောကြားရာ၌ ဇွန်လ ၁၅ ရက်အထိ အဆင့်နိမ့်ဆန်များ တင်ပို့ခြင်းကို ပိတ်ပင်ထားမည်။ တိုင်းပြည်အရန်ဆန် ၁၉၀ ၀၀၀ တန် ဝယ်ယူသိုလှောင်ခြင်းကို ဆောင်ရွက်ရန်အတွက် ဖြစ်သည်။ ထို့နောက် ပြည်ပပို့ကုန်ခွဲတမ်းအဖြစ် ဆန်တန်ချိန် ၄၀၀ ၀၀၀ သတ်မှတ်ပေးသည်။ ယခုနှစ်တွင် ထိုင်းနှင့်

ဗီယက်နမ်တို့တွင် မိုးမလုံလောက်သဖြင့် အထွက်နည်းသည်။ အာရှဝယ်လက်တို့က ဝယ်အားကောင်းသည်။ ထို့ကြောင့် ကမ္ဘာ့ဆန်ဈေး မြင့်တက်နေစဉ် ဆန်တင်ပို့မှု ရပ်ဆိုင်း လိုက် ကြခြင်းသည် ဆန်ဈေးပိုတက်သွားစေခဲ့ပေသည်။

## ဗီယက်နမ် ဆန်ပြန်လည်တင်ပို့တော့မည်

ကမ္ဘောဒီးယားကလည်း ဗီယက်နမ်နည်းတူ လုပ်ကိုင်သည်။ ဆန်ကို ပြည်ပသို့တင်ပို့ခြင်း ရုတ်တရက် ရပ်ဆိုင်းလိုက်သဖြင့် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားတို့ရှိ ဆိပ်ကမ်းများတွင် ဆန်တန်ချိန် အနည်းဆုံး နှစ်သိန်းမှ ငါးသိန်းအထိ ပိတ်မိနေသည်။ ထိုအခါ ဆန်တင်သွင်းပြီး စားသုံးရသည့် အာဆီယံနိုင်ငံများအဖို့ စိုးရိမ်ပူပန်စရာ ဖြစ်နေစေသည်။ ဆန်တင်သွင်းပြီး ပြည်တွင်းစားသုံးမှုကိုဖြည့်ဆည်းရသည် ဖိလစ်ပိုင်နိုင်ငံအဖို့ စိုးရိမ်ရေမှတ်ရောက်သည်။ ဖိလစ်ပိုင်သည် အာဆီယံဒေသတွင် ဆန်တင်သွင်းမှုအများဆုံးဖြစ်ပြီး ပြီးခဲ့သည့်နှစ်က ဆန်တန်ချိန် ၂ ဒသမ ၉ သန်း တင်သွင်းခဲ့သည်။ ယခုနှစ်တွင် ဆန်တန်ချိန် နှစ်သန်းခွဲ တင်သွင်းရန် အစီအစဉ် ရှိသည်။ အများစုမှာ ဗီယက်နမ်နိုင်ငံမှ တင်သွင်းခြင်း ဖြစ်သည်။

ဆန်သည် အဓိကစားစရာဖြစ်သည့်အပြင် ဆန်ဈေးတက်ပါက ကုန်ဈေးနှုန်းများတက်ပြီး ငွေဖောင်းပွမှု ဖြစ်ပေါ်စေသည်။ စားစရာတို့တွင် ဆန်အတွက် စိုးရိမ်ပူပန်မှုသည် အမြင့်မားဆုံးဖြစ်ပြီး နိုင်ငံရေးအရ ထိုးနက်ချက်များ ဖြစ်ပေါ်ပြီး မတည်မငြိမ် ဖြစ်ပေါ်စေသည်။ သို့ဖြစ်ရာ ပြည်တွင်း ဆန်ဖူလုံမှုကို ပြည်သူလူထု မပူပန်ရအောင် စီမံထားကြရသည့်အပြင် ဆန်ဈေးနှုန်း တည်ငြိမ်ရေးကိုလည်း ဂရုစိုက်ကြရသည်။ ယခုလို ကိုဗစ်ဂယက် ကြီးမားနေစဉ် ဆန်မလုံလောက်ဟု အထင်မမှားရအောင် ပြည်ပတင်ပို့မှုများကို ရပ်ဆိုင်းပေးထားကြလေ့ရှိသည်။ ဖိလစ်ပိုင်အစိုးရသည် ဗီယက်နမ်မှ ဆန်တင်ပို့မှုရပ်သဖြင့် မြန်မာနိုင်ငံမှ ဝယ်ယူရန်ကြိုးပမ်းသည်။ မြန်မာနိုင်ငံကလည်း ကိုဗစ်ဂယက်ကြောင့် ဆန်တင်ပို့မှု ပို့ကုန်လိုင်စင်ကို ဆိုင်းငံ့ထားသည်။ ဖိလစ်ပိုင်သည် အရန်ဆန် သိုလှောင်မှုကို ၇၅ ရက်အတွက် ထားရှိသည်။ ယခုလိုအဖြစ်မျိုး ကြုံရသဖြင့် အရန်ဆန်ကို ၆၇ ရက်စာအထိ တိုးမြှင့် ထားရှိမည် ဖြစ်သည်။

အင်ဒိုနီးရှားသည် ဆန်တန်ချိန် သုံးသန်းခွဲကို အရန်ဆန်အဖြစ် ထားရှိသည်။ သို့သော ်ကိုဗစ် ရှည်ကြာနေမည်ဆိုပါက ပြည်ပမှ တင်သွင်းရန် စီစဉ်ထားသည်။ ထိုသို့ မပြုပါက ပြည်တွင်းဆန်ဈေးနှုန်း မြင့်တက်သွားနိုင်သည်။ ယခင်နှစ်က အင်ဒိုနီးရှားသည် ဆန်တန်ချိန် ခြောက်သိန်း တင်သွင်းခဲ့သည်။ ယခုနှစ်တွင် ဆန်တန်ချိန် တစ်သန်း တင်သွင်းမည် ဖြစ်သည်။

ကမ္ဘာပေါ်တွင် ဆန်တင်ပို့မှု အများဆုံးဖြစ်သော အိန္ဒိယသည်လည်း လော့ဒေါင်းချထားရသဖြင့် ကုန်စည်စီးဆင်းမှုများကမောက်ကမ ဖြစ်နေသည်။ ယမန်နှစ်က ဆန်တန်ချိန် ၉ ဒသမ ၈ သန်း တင်ပို့ခဲ့သည်။

Source https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2879

## အသွားအလာပိတ်လိုက်သည့် အိန္ဒိယတွင် ဆန်လုပ်ငန်းများ ရပ်တန့်ကုန်ကာ ဆန်ဈေး သုံးလတာအနိမ့်ဆုံး ကျဆင်း

ကမ္ဘာ့ ဆန်တင်ပို့မှုထိပ်သီး အိန္ဒိယတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတားဆီးရန် နိုင်ငံနှင့်ချီ၍ အသွားအလာ ကန့်သတ်လိုက်ပြီးနောက်ဆန်ပို့ကုန်ဈေးများ သုံးလအတွင်း အနိမ့်ဆုံးသို့ ကျဆင်းသွားသည်။ ထိုင်းနိုင်ငံတွင် ပြည်တွင်းငွေတန်ဖိုးအတက်၊ အကျအရ နှစ်များစွာအတွင်း အမြင့်ဆုံးရောက်ခဲ့သည့် ဆန်ဈေးများ ပြုတ်ကျလာသည်။ မေလလယ်ရောက်လျှင် အိန္ဒိယပြည်သူ တစ်သန်းကျော် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရနိုင် သည်ဟု ကျန်းမာရေး သုတေသီများက သတိပေးခဲ့ပြီးနောက် အိန္ဒိယအစိုးရက ၂၁ ရက် အသွားအလာကန့်သတ်မိန့် ထုတ်ပြန်လိုက်ပြီး လေကြောင်း၊ ကုန်းကြောင်း ခရီးသွားလာမှု၊ စီးပွားရေးလုပ်ငန်းများနှင့် ကျောင်းများအားလုံးကို ပိတ်သိမ်းလိုက်သည်။ အသွားအလာကန့်သတ်မိန့်ကြောင့် အိန္ဒိယဆန်ပို့ကုန်လုပ်ငန်းများ လုပ်ငန်းလည်ပတ်ရေး အခက်ကြုံရသဖြင့် ငါးမှတ်ပေါင်း ဆန်ဈေးသည် ယခင်တစ်ပတ်ထက် အနည်းငယ်လျော့ကျ၍ ဒီဇင်ဘာလ နောက်ပိုင်း အနိမ့်ဆုံးအဖြစ် တစ်တန်လျှင် ကန်ဒေါ်လာ ၃၆၁-၃၆၅ ဒေါ်လာ၌ ရပ်တည်ခဲ့သည်။ ယခင်တစ်ပတ် ဈေးနှုန်းမှာ တစ်တန်လျှင် ၃၆၃-၃၆၇ ဒေါ်လာ ဖြစ်သည်။

အသွားအလာကန့်သတ်မိန့်ကြောင့် ကုန်စည်စီးဆင်းမှုကွင်းဆက်တစ်ခုလုံး အနှောင့်အယှက်ဖြစ်ခဲ့ရသည်ဟု ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ BV Krishna Rao က ပြောသည်။ အိန္ဒိယရူပီးတန်ဖိုးသည် ယခုတစ်ပတ်တွင် စံချိန်တင်အနိမ့်ဆုံး ကျဆင်းခဲ့ရာ ပို့ကုန်လုပ်ငန်းများအတွက် ပြည်ပသို့ ကုန်စည်တင်ပို့ရာမှ ရရှိသောဝင်ငွေကို ပိုများစေခဲ့သည်။ ထိုင်းနိုင်ငံတွင် ငါးမှတ်ဆန်ဈေးသည် ယခင်တစ်ပတ်က ခြောက်နှစ်ခွဲအတွင်း အမြင့်ဆုံးအဖြစ် တစ်တန်လျှင် ၄၈၀-၅၀၅ ဒေါ်လာသို့ရောက်ခဲ့ရာမှ ယခုတစ်ပတ် ကြာသပတေးနေ့တွင် တစ်တန်လျှင် ၄၆၈-၄၉၅ ဒေါ်လာသို့ ပြန်ကျလာသည်။

ရောင်းလိုအား-ဝယ်လိုအား၊ အခြေအနေမှာ အပြောင်းအလဲမရှိခဲ့ဘဲ ငွေတန်ဖိုး အတက်၊ အကျကြောင့်သာ ဈေးကျခဲ့ခြင်းဖြစ်သည်ဟုကုန်သည်များကပြောသည်။ ထိုင်းနိုင်ငံ၏ စပါးစိုက်ဒေသများစွာတွင် ဆယ်စုနှစ်များစွာအတွင်း အဆိုးဆုံး

မိုးခေါင်မှု ကြုံနေရသဖြင့်ထိုင်းဆန်ဈေးကွက်၌ ရောင်းလိုအားစိုးရိမ်မှု ရှိနေဆဲဖြစ်သည်။ ထို့ပြင် ကူးစက်ရောဂါကြောင့် ပြည်တွင်းဆန်အမျိုးအစားအချို့ ဝယ်လိုအားအနည်းငယ်တက်လာပြီး ဆန်ဈေးကိုဆက်ကောင်းနေစေသည်ဟု ကုန်သည်များက ပြောသည်။ ထိုင်းအစိုးရက ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ နိုင်ငံတော် အရေးပေါ်အခြေအနေကြေညာထားပြီး လယ်ယာ ကုန်ထုတ်လုပ်မှုနှင့် တင်ပို့မှုကို တိုက်ရိုက်ထိခိုက်စေသော ကန့်သတ်မှုမျိုးကိုမူ ထုတ်ပြန်ခြင်းမရှိသေးပေ။ "အကျပ်အတည်းကာလမှာ ဆန်ပြတ်လပ်မှာ မဟုတ်ပါဘူး။ ဒါပေမယ့် ရောင်းလိုအားစိုးရိမ်မှုအရ ဆန်ဈေးတွေ ဆက်လက်ကြီးမြင့်နေဦးမှာပါ" ဟု ဘန်ကောက်အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။

ဗီယက်နမ်က ဆန်တင်ပို့မှု ရပ်နားထားသဖြင့် ထိုင်းဆန်ကို ပြည်ပဝယ်အားရှိလာလျှင် ဆန်ဈေး ပို၍ကြီးမြင့် လာနိုင်သေးကြောင်း ၎င်းက ပြောသည်။ ဗီယက်နမ်အစိုးရက ရောဂါကပ်ကြုံချိန် ပြည်တွင်းဆန်ဖူလုံမှု ရှိ၊ မရှိ စစ်ဆေးနေဆဲဖြစ်ပြီး မတ် ၂၈ ရက်အထိ ဆန်စာချုပ်သစ်ချုပ်ဆိုမှုများရပ်နားကြောင်း ဗုဒ္ဓဟူးနေ့က ကြေညာထားသည်။ ထို့ကြောင့် ယခုတစ်ပတ် ဗီယက်နမ်ငါးမှတ်ဆန် ဈေးနှုန်းများကို ထုတ်ပြန်ထားနိုင်ခြင်း မရှိပေ။ "ကုန်သည်တွေ၊ ပို့ကုန်လုပ်ငန်းတွေက အရောင်းအဝယ်အားလုံးကို ရပ်ထားပါတယ်။ ဗီယက်နမ်က တင်ပို့တဲ့ဆန်တွေအတွက်အကောက်ခွန်ရှင်းလင်းမှု လုပ်ငန်းတွေကိုလည်း တာဝန်ရှိသူတွေက ဆိုင်းငံ့ထားပါတယ်"ဟု ဟိုချီမင်းစီးတီးမြို့အခြေစိုက် ကုန်သည်တစ်ဦးကပြောသည်။ ကုန်သည်များက ဆန်ဆက်လက်တင်ပို့ခွင့် ရှိ၊ မရှိ သိရရန် အစိုးရ၏ နောက်ဆုံးဆုံးဖြတ်ချက်ကို စောင့်မျှော်နေကြသည်ဟုပြောသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဗိုင်းရပ်စ်စိုးရိမ်စိတ်ကြောင့် ထိတ်လန့်တကြား ဈေးဝယ်လာကြသဖြင့် ပြည်တွင်း ဆန်ဈေးများ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ဝန်ကြီးချုပ် ရှိတ်ဟာစီနာက ပြည်သူများ ကုန်စည်ကို လိုသည် ထက်ပို၍ သိုမှီးမှုမပြုလုပ်ရန် ဗုဒ္ဓဟူးနေ့က ပန်ကြားလိုက်ပြီး နိုင်ငံအရန်ဆန် တန်ချိန် ၁ ဒသမ ၇ သန်း ရှိနေသေးကြောင်း ပြောဆိုခဲ့သည်။

Source: https://www.thefarmermedia.com/news/14967

## ဗီယက်နမ်က ဧပြီနှင့် မေလတွင် ဆန်တန်ချိန် ရှစ်သိန်းသာ တင်ပို့ဖွယ်ရှိ

ဗီယက်နမ်စက်မှုလုပ်ငန်းနှင့်ကုန်သွယ်ရေးဝန်ကြီးဌာနသည် ဆန်တင်ပို့မှုပြန်လည်စတင်ခွင့်ပြုရန် အစိုးရထံတောင်းဆိုလိုက်ပြီး မေလနှင့် ဧပြီလအတွင်း တင်ပို့မှုကို တန်ချိန် ရှစ်သိန်းသာ ပမာဏကန့်သတ်ထား ရန် တိုက်တွန်းကြောင်း အစိုးရ၏အင်္ဂါနေ့ထုတ်ပြန်ချက်တစ်ခုအရ သိရသည်။ ထိုပမာဏမှာယခင်နှစ် အလားတူ ကာလအတွင်း တင်ပို့မှုထက် ၄၀ ရာခိုင်နှုန်း လျော့ကျလာမည်ဟု အစိုးရက ထုတ်ပြန်ပြီး ဧပြီလအတွင်း တန်ချိန် လေးသိန်းတင်ပို့မည်ဟု ထည့်သွင်းဖော်ပြခဲ့သည်။

ထိုအစီအစဉ်အတွက် အစိုးရအဖွဲ့ထံမှ ခွင့်ပြုချက်ရရန် စောင့်နေဆဲဖြစ်သည်။ အစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ ဖြစ်ပေါ်နေချိန် ပြည်တွင်း၌ ဆန်ရောင်းလိုအား လုံလောက်စေရန် ပို့ကုန်စာချုပ်သစ်များဆိုင်းငံ့ကြောင်း မတ်လ ၂၅ ရက်က ကြေညာခဲ့သည်။ တပြိုင်တည်းမှာပင် ဗီယက်နမ်သည်ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးကြိုးပမ်းနေကြသော ဥရောပ ငါးနိုင်ငံသို့ နှာခေါင်းစည်း ၅၅၀၀၀၀ လှူဒါန်းထားကြောင်း သိရသည်။ နှာခေါင်းစည်းများကို ဟန်ွိုင်းမြို့ရှိ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ စပိန်နှင့် ဗြိတိန်ဆိုင်ရာ သံအမတ်များထံ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဌာနက ထုတ်ပြန်သည်။ ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၂၄၅ ဦး ရှိထားပြီး သေဆုံးသူမရှိသေးသော ဗီယက်နမ်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယားနှင့် လာအိုတို့အပါအဝင် အခြား နိုင်ငံများ ကိုလည်း နှာခေါင်းစည်းများလှူဒါန်းထားသည်။ ဗီယက်နမ်အစိုးရက နှာခေါင်းစည်းထုတ်လုပ်သည့် ကုမ္ပဏီများကို တစ်ရက်လျှင် နှာခေါင်းစည်း ငါးသန်းအထိ ထုတ်လုပ်ရန် ယခင်အပတ်က ပန်ကြားခဲ့သည်။



Source: https://www.thefarmermedia.com/news/14996

## ကမ္ဘောဒီးယားက ကပ်ရောဂါကြုံနေရချိန် ပြည်တွင်းဖူလုံရန် ဆန်နှင့် ငါးတင်ပို့မှုကို ပိတ်ပင်

ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေး ကြုံနေရချိန်တွင် ကမ္ဘောဒီးယားနိုင်ငံ၌ အခြေခံစားသောက်ကုန် ပြတ်လပ်မှု မရှိစေရေး ဆန်နှင့် ငါးတင်ပို့မှုပိတ်ပင်မိန့်ထုတ်ပြန်တော့မည်ဖြစ်ကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် Hun Sen ကပြောသည်။ ဝန်ကြီးချုပ်သည် ပြည်တွင်းတွင် ဆားနှင့် ခေါက်ဆွဲတို့ ရောင်းလိုအားအလုံအလောက်ရှိစေလိုကြောင်းလည်း ပြောသည်။ ကမ္ဘောဒီးယားပြည်သူများအနေဖြင့်"ခက်ခဲသည့်ကာလ"ကြုံနေရချိန်တွင်ပြည်တွင်းဈေးကွက်အတွင်းပံ့ပိုးရောင်းချနိုင်ရေးဟင်းသီးဟင်းရွက်

နှင့်အခြားသီးနှံများစိုက်ပျိုးရန် ဝန်ကြီးချုပ်ကတောင်းဆို ခဲ့သည်။ ပြည်ပသို့တင်ပို့ရန် စာချုပ်ထားပြီးဖြစ်သော အကောင်းစားဆန်များကိုမူ ပို့ကုန်ပိတ်ပင်မှုမှ ကင်းလွတ် ခွင့်ပြုမည်ဟု သိရသည်။ လူများ ရောဂါကူးစက်မှုအန္တရာယ်မြင့်တက်မည်ကို စိုးရိမ်၍ ဧပြီလ ၁၃ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပရန် လျာထားသော နှစ်သစ်ကူးအားလပ်ရက်ကာလကိုလည်း ဖျက်သိမ်းထားပြီးဖြစ်သည်ဟု Hun Sen ကကြေညာခဲ့သည်။ "နှစ်သစ်ကူးကာလမှာ အပျော်လွန်နေကြမယ်ဆိုရင် ဘယ်သူ့အတွက်မှ ကောင်းမှာ မဟုတ်ပါဘူး။ နှစ်သစ်ကူးမှာ ပျော်နေကြရင် နှစ်သစ်ကူးပြီးတဲ့အခါ နာရေးကိစ္စတွေနဲ့ ပူဆွေးသောကရောက်ကုန်ကြလိမ့်မယ်" ဟု ၎င်းကပြောသည်။ ဝန်ကြီးချုပ်သည် ကိုရိုနာဗိုင်းရပ်စ်က ကမ္ဘောဒီးယားနိုင်ငံအပေါ် သက်ရောက်မှုရှိမည်ဟု ဖေဖော်ဝါရီလ အတွင်းက ထင်မှတ်မထားခဲ့သော်လည်း နိုင်ငံတွင်း ရောဂါကူးစက်မှု အစပျိုးလာပြီးနောက် လူစုလူဝေး ပြုလုပ်မှုနှင့် ခရီးသွားလာမှုအပေါ် ကန့်သတ်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆေးဝါးနှင့် ပညာရှင်အကူအညီများကိုလည်း ကြိုဆိုခဲ့သည်။

Source: https://www.thefarmermedia.com/news/14994

## ကိုဗစ် -၁၉ ကြောင့် ရေနံဈေးဖရိုဖရဲဖြစ်မှုသည် ရေနံဈေးကွက်ကို နောက်တစ်ကြိမ်ကိုင်လှုပ်

ကိုဗစ်-၁၉သည် ကမ္ဘာ့စွမ်းအင်ဝယ်လိုအားကို အကြီးအကျယ်ထိခိုက် ပျက်စီးစေပြီး ရေနံရောင်းလိုအားကို ဆိုးရွားစွာ ထိခိုက်စေခဲ့သည့်အတွက် အမေရိကန်ရေနံစိမ်း ဈေးကွက်ရှေ့အလားအလာသည် ပထမဆုံးအကြိမ်အဖြစ် သုညအောက် ရောက်ရှိခဲ့ကာ ရေနံဈေးဖရိုဖရဲဖြစ်မှုသည် ရေနံဈေးကွက်ကို နောက်တစ်ကြိမ် ကိုင်လှုပ်လိုက်ကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြလိုက် သည်။



ရင်းနှီးမြှုပ်နှံသူများကလည်း ကမ္ဘာ့စီးပွားရေးဆိုးရွားစွာ ကျဆင်းသွားမည်ကို စိုးရိမ်လျက်ရှိသလို သွင်းကုန်၊ ပို့ကုန်များ အရှုံးပေါ်ခြင်းက ကမ္ဘာ့ရှယ်ယာဈေးကွက်ကို တစ်ရစ် ပြီး တစ်ရစ်ကျဆင်း လာစေသည်။ ဝက်စ်တက္ကဆက် အင်တာ မီဒီယိတ် (ဒဗလျူတီအိုင်) ရေနံစံသတ်မှတ်ချက်ဈေးနှုန်းသည် မမျှော်မှန်းနိုင်လောက်အောင် အနုတ်ဈေးသို့ ကျဆင်းလာခဲ့သည်။ အနုတ်ဈေးသို့ ကျဆင်းလာသည်ဆိုခြင်းမှာ ကုန်သည်များက ဝယ်သူများကို အလိုလိုက် အကြိုက် ဆောင်ပြီး ရှာဖွေလာရခြင်း ကိုဆိုလိုသည်။ ကိုဗစ်-၁၉ကြောင့် ပိတ်ဆို့မှုများ ပြုလုပ်ရသည့်အတွက် ကမ္ဘာ့စီးပွားရေး တိုးတက်နှုန်းကျဆင်းလာချိန်တွင် ရေနံဈေးကွက်သည်လည်း ရောင်းအား ပိုလျှံမှုကြောင့် ကမောက်ကမ အခြေအနေများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ရေနံဈေးကွက်ကစားသူများက ဝယ်သူများကို မက်လုံးပေးပြီး သတ်မှတ်သည့် မျက်မြင် သိုလှောင် ပမာဏရောက်ရှိအောင်လုပ်ဆောင်နေကြကြောင်း စွမ်းအင်ဈေးကွက်လေ့လာသူ လောက်စီဒစ်ဆွန်က ပြောကြား လိုက်သည်။

Source: https://www.facebook.com/MYANMAALINNNEWS/?epa=SEARCH_BOX

# ပြည်တွင်းကုန်သွယ်မှုသတင်း

## အိန္ဒိယနိုင်ငံသို့မတ်ပဲတင်ပို့ရန် ပြည်တွင်း၌ပဲအလုံအလောက်ရှိသော်လည်း ကိုဗစ်-၁၉ကြောင့် နှစ်နိုင်ငံကြားကုန်စည် စီးဆင်းမှုနှောင့်နှေးလျက်ရှိ

အိန္ဒိယနိုင်ငံသို့တင်ပို့ရန် ပြည်တွင်း၌ မတ်ပဲ အလုံအလောက်ရှိသော်လည်း ကိုဗစ်-၁၉ ကြောင့် ကုန်စည်စီးဆင်းမှု နှောင့်နှေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ အတွင်းရေးမှူး ဦးမင်းကိုဦးက ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။"အိန္ဒိယကို တင်ပို့ဖို့ ပြည်တွင်းမှာ မတ်ပဲက ရှိတယ်၊ ဒီဘက်က ဆိပ်ကမ်း ကိုလည်း ဒီနေ့ စဖွင့်တယ်၊ ဒါပေမယ့် တကယ်တမ်းမှာ ဒီမှာ အေးဂျင့်တွေ လူမစုံသေးဘူး စသည်ဖြင့် အမျိုးမျိုး အခက်အခဲတွေကတော့ ပေါင်းစုံ ဖြစ်နေ တယ်၊ ကိုဗစ်-၁၉ ပြဿနာနဲ့ သတော်ာက အိန္ဒိယဘက်မှာ Lock down လုပ် တာနဲ့၊ ဒီဘက်မှာလည်း Semi-Lock down လုပ်တာနဲ့ ကုန်စည်စီးဆင်းမှုမှာ Delay အမျိုးမျိုး ဖြစ်တဲ့အခါကျတော့ ပစ္စည်းက တကယ်တမ်း ဟိုဘက်ကို ရောက်ရမယ့်အချိန်မှာ မရောက်ကြဘူးဖြစ်နေတာ"ဟု ဦးမင်းကိုဦးက ပြောကြား သည်။

လက်ရှိ ၂၀၁၉- ၂၀၂၀ ဘဏ္ဍာနှစ်အတွက် အိန္ဒိယနိုင်ငံ၏ မတ်ပဲတင်သွင်းခွင့် ကိုတာသတ်မှတ်ချက်အရ မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် နှစ်သိန်းခွဲကို အိန္ဒိယသို့ မတ်လကုန်အရောက် တင်သွင်းရန် သတ်မှတ်ခဲ့သည်။ ထို့နောက် ကိုဗစ်-၁၉ ကြောင့် အချိန်ထပ်တိုးပေး၍ ဧပြီလကုန်အရောက် တင်သွင်းရန် သတ်မှတ်ခဲ့ကာ ဆက်လက်၍ လာမည့် မေ ၁၅ ရက်အထိ အချိန်တိုးမြှင့်ပေးထားသည်။ "ပြောရရင် အိန္ဒိယဘက်က ပဲလိုအပ်ချက်ရှိတယ်ဆိုတာတော့ ငြင်းလို့မရဘူး၊ ပဲလိုအပ်ချက်ရှိတဲ့အထဲမှာမှ မတ်ပဲ လိုအပ်ချက်က ပိုပြီးကြီးတယ်လို့ သုံးသပ်ရတယ်၊ မတ်ပဲကိုပဲ အဓိက Focus လုပ်နေတာကိုး၊ ကိုရိုနာ ဗိုင်းရပ်စ်

ပြဿနာကတော့ သူတို့ဘက်မှာလည်း ဖြစ်တာဆိုတော့ ဒီဘက်မှာလည်း ဒီလိုမျိုး စဖြစ်နေတာပဲလေ၊ အဲဒီလိုဖြစ်လာတဲ့ အခါကျတော့ ဒီက တင်ပို့ဖို့ လိုင်စင်ရထားတဲ့ ကုန်သည်တွေကလည်း တောင်းဆိုတော့ မေ ၁၅ ရက်အထိကို ထပ်ရွှေ့ပေး တယ်"ဟု ဦးမင်းကိုဦးက ဆက်ပြောသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပဲလိုအပ်ချက်အရ ယခုဘဏ္ဍာရေးနှစ်အတွင်း မတ်ပဲတင်သွင်းခွင့် ကိုတာသတ်မှတ်ချက်ကို ယခင်က တန်ချိန် တစ်သိန်းခွဲ သတ်မှတ်ထားရာမှ နောက်ထပ် တန်ချိန် နှစ်သိန်းခွဲ တိုးမြှင့်တင်သွင်းရန်အတွက် ပြီးခဲ့သည့် နှစ်ကုန် ဒီဇင်ဘာ ၁၂ ရက်တွင် အိန္ဒိယနိုင်ငံကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်မှု ညွှန်ကြားရေး ဦးစီးဌာန(DGFT)က Trade Notice ဖြင့် အသိပေးချက် ထုတ်ပြန်ခဲ့သည်။ အဆိုပါ တိုးမြှင့်တင်သွင်းခွင့်ရသည့် တန်ချိန် နှစ်သိန်းခွဲကို တင်သွင်းခွင့် ရရှိသော ကုမ္ပဏီများအနေဖြင့် ယခုနှစ် မတ်လ ၃၁ ရက် နောက်ဆုံးထား၍ အိန္ဒိယနိုင်ငံ ဆိပ်ကမ်း သို့အရောက် တင်သွင်းရမည်ဟု ယခင်က ထုတ်ပြန်ခဲ့သည်။ သို့သော် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် နှစ်ကြိမ်မြောက် အချိန် ထပ်တိုးပေးထားခဲ့ရာ လက်ရှိအချိန်တွင် မတ်ပဲတန်ချိန် နှစ်သိန်းခွဲအနက် တန်ချိန် တစ်သိန်းခွဲကျော်ကို ထပ်မံတင်ပို့နိုင်သေး ကြောင်း မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှသိရသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ်တွင် ရာသီဥတုဖောက်ပြန်ပြီး မိုးရာသီစိုက် မတ်ပဲများ အထွက်နှုန်းနည်းပါးသောကြောင့် ပြည်နယ်အစိုးရ ခွင့်ပြုမိန့်ဖြင့် ပြည်ပမှ ပဲဝယ်ယူခဲ့ရာ အဆိုပါအကျိုးဆက်ကြောင့် ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် မြန်မာနိုင်ငံ၌ မတ်ပဲ တစ်တန်လျှင် ကျပ် ၁၃ သိန်းကျော်အထိ မြင့်တက်ခဲ့ပြီး လက်ရှိ သင်္ကြန်အပြီးတွင် မတ်ပဲတစ်တန်လျှင် ကျပ် ၉၆၀၀၀၀- ၉၇၀၀၀၀ ဝန်းကျင် ရှိနေကြောင်း သိရသည်။ အိန္ဒိယနိုင်ငံသည် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက်လည်း မတ်ပဲ တန်ချိန် လေးသိန်းအထိ တင်သွင်းရန် အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ကူးသန်းရောင်းဝယ်ရေးဌာနက မတ် ၁၇ ရက်က ထုတ်ပြန် ထားသည်။ အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူမည့် မတ်ပဲကို မြန်မာနိုင်ငံကသာ အဓိက စိုက်ပျိုးတင်ပို့ပြီး အခြား ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် စားတော်ပဲများကိုမူ မြန်မာနိုင်ငံ အပြင် အာဖရိကတိုက်နှင့် ဩစတြေးလျနိုင်ငံတို့ကလည်း စိုက်ပျိုးတင်ပို့ကြ ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းမှ သိရသည်။

Source:https://www.facebook.com/MYANMAALINNNEWS/posts/2555124161394743?__tn__=K-R

## တန်ဖိုးမြှင့်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံကိန်းကို ဩဂုတ်လလယ်ခန့်တွင် စတင်အကောင်အထည်ဖော်မည်

ဟင်းသီးဟင်းရွက် သစ်သီးဝလံများကို အရည် အသွေးပြည့်မီပြီး တန်ဖိုးမြှင့်သီးနှံအဖြစ် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး စီမံကိန်းတစ်ရပ်ကို ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီတို့ ပူးပေါင်းကာ ဩဂုတ်လလယ်ခန့်တွင် စတင်အကောင်အထည် ဖော်ဆောင်ရွက် မည်ဖြစ်သည်။ အဆိုပါစီမံကိန်းသစ်၏ အဓိက ရည်ရွယ်ချက်မှာအရည်အသွေးမြင့် ဟင်းသီးဟင်းရွက်များ ထုတ်လုပ် ပြီး တစ်ယူနစ်ဝင်ငွေ တိုးမြှင့်ခြင်းဖြင့် အမှန်တကယ် စိုက်ပျိုးနေသော တောင်သူလယ် သမားများ၏ ဝင်ငွေကို မြှင့်တင်ပေးရန် ရည်ရွယ်လုပ်ဆောင် ခြင်းဖြစ်ကြောင်းသိရသည်။ စီမံကိန်းတွင် မှော်ဘီ မြို့နယ်ရှိ စိုက်ပျိုးရေးတိုးချဲ့ ပညာပေးဝန်ထမ်းများနှင့် စိုက်ပျိုးထုတ်လုပ်သူ များအား အရည်အသွေး ပိုမိုကောင်းမွန်ပြီး စိတ်ချရသည့်သီးနှံများ ထုတ်လုပ်သည့် နည်းပညာပေးခြင်း၊ စိုက်ပျိုးထုတ်ကုန် များအားရန်ကုန်မြို့ရှိ



အရည်အသွေးမြင့်ဈေးကွက်အတွင်းရောင်းချနိုင်ပြီးဒေသတွင်းဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ် သူများ၏ ဝင်ငွေတိုးပွား လာစေမည်ဖြစ်သည်။ ထို့အပြင် တန်ဖိုးမြှင့်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်း ဖြင့် မြန်မာနိုင်ငံ၏ လယ်ယာ ထုတ်ကုန်စီးပွားရေးကို စိုက်ပျိုးထုတ်လုပ်ခြင်းမှ ဈေးကွက်အထိ ပေါင်းစပ်ချိတ် ဆက်ပေးနိုင်ပြီး ဟင်းသီးဟင်းရွက် သစ်သီးဝလံများ၏ တန်ဖိုးမြှင့် ကွင်းဆက် ထုတ်လုပ်မှုစွမ်းအားတိုးတက်မှုကို အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်း သိရသည်။

တန်ဖိုးမြှင့်သီးနှံ ပိုမိုစိုက်ပျိုးထုတ်လုပ်ခြင်း စီမံကိန်းကို ရန်ကုန်တိုင်းဒေသကြီး မှော်ဘီ မြို့နယ်နှင့် ရှမ်းပြည်နယ် တောင်ပိုင်းကလောမြို့နယ်များတွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး ထုတ်ကုန်များ၏ ဈေးကွက်သည်သီးနှံ အထွက်နှုန်း တိုးတက်ရေးအပေါ်တွင် အလေးထားခဲ့သည့်အတွက် အများဆုံးစိုက်ပျိုး ထုတ်လုပ်နိုင်သည့်လယ်သမားများသာလျှင် ဝင်ငွေကောင်း မွန်လျက်ရှိပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးသော တောင်သူ လယ်သမားအများစုမှာ အမြတ်အစွန်း နည်းပါး ခဲ့ကြောင်းသိရသည်။ ယခု ဂျပန်-မြန်မာ ပူးတွဲဖော်ဆောင်မည့်စီမံကိန်းတွင် အရည်အသွေး ကောင်းမွန်၍ လတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် စားသုံးသူများ အန္တရာယ်ကင်းပြီး လုံခြုံ စိတ်ချရသော ဟင်းသီးဟင်း ရွက်များထုတ်လုပ်နိုင်ရန် ကြိုးစားဆောင်ရွက်မည်ဖြစ် ကြောင်း ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီထံမှ သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS

## ထိုင်းသို့တင်ပို့သည့် မြန်မာ့ပြောင်းဆန်များ ဝယ်ယူမှုနည်းပါး၍ အခက်ကြုံ

ထိုင်းနိုင်ငံသို့ တင်ပို့ရောင်းချနေသည့် မြန်မာ့ပြောင်းဆန်များ လတ်တလော ဝယ်ယူမှုနည်းပါး၍ အခက်ကြုံနေရကြောင်း ကုန်သည်များထံမှ သိရသည်။ "ထိုင်းဘက်က အဝယ်နည်းလာတယ်။ တဖြည်းဖြည်း ဈေးကျချင်လာတယ်။ ဧပြီလ ၂၅ ရက်နောက်ပိုင်းမှာ သူတို့ဘက်က အဝယ်မလိုက် ချင်တဲ့ပုံစံမျိုးဆိုတော့ ပြောင်းတွေငြိမ်နေတယ်။ ပြောင်းကထိုင်းနိုင်ငံ အတွင်းကို တော်တော်များများ ဝင်လာပြီဖြစ်တဲ့အတွက် သူတို့ကတဖြည်းဖြည်း သိပ်ပြီးတော့ မဝယ်ချင်တော့တဲ့ ပုံစံတွေဖြစ်လာတယ်။ လက်ရှိမှာတော့ ထိုင်းဘက်က ဟိုကုန်သည်ကိုလိုက်ရောင်း ဒီကုန်သည်ကို လိုက်ရောင်းနဲ့ အခက်ကြုံနေကြတယ်။ မြန်မာဘက်က ဒီမှာလာ ရောင်းတဲ့သူတွေက မကိုက်ဘူးဖြစ်နေတယ်။ " ဟု ပြောင်းဆံ ကုန်သည်တစ်ဦးဖြစ်သူ Klohtoo Wah co.ltd မှ ဒါရိုက်တာ ဦးအောင်မြင့်ဦးက မြန်မာတိုင်းမ်သို့ ပြောသည်။



ထိုင်းနိုင်ငံသို့ ပြောင်းဆံတင်ပို့မှုကို ၂၀၁၉ ခုနှစ်မှစတင်ခဲ့ခြင်းဖြစ်ပြီး နှစ်နိုင်ငံ သဘောတူညီချက်ဖြင့် အခွန်ကင်းလွတ် ခွင့်ပြုထားသည်။ သို့ရာတွင် ထိုင်းနိုင်ငံ၏ တောင်သူလယ်သမား အကျိုးစီးပွား ကာကွယ်သောအားဖြင့် နှစ်စဉ် ထိုင်းနိုင်ငံတွင် ပြောင်းထွက်ရာသီဖြစ်သည့် ဖေဖော်ဝါရီမှ ဩဂုတ်လအထိသာ တင်ပို့ခွင့်ပြုထားပြီး ယင်းလများ ကျော်ပါက အခွန်ပေးဆောင်ရသည်။ လက်ရှိတွင် ပြောင်းဆန် ၁၅ ကီလိုတစ်ပုံးလျှင် ယခင်ထိုင်း ဘတ်ငွေ ၁၀၇ ဘတ်ခန့် အထိရှိသော်လည်း ၁၁၇ ဘတ် အထိဈေးတက်သွားပြီး သယ်ယူပို့ဆောင်ရေး ကားခများလည်း ဈေးတက်လာကြောင်း ဦးအောင်မြင့်ဦးကပြောသည်။ "လောလော ဆယ် မှာ တော့ မြန်မာနိုင်ငံနဲ့ ထိုင်းနယ်စပ်မှာ ပြောင်းဆန်တွေကပုံနေတယ်။ အရင်က ပုံမှန် တစ်နေ့ကို ကားအစီး ၂၀၀ လောက် ထွက်နေရာကနေပြီးတော့ အခုလောလောဆယ် မြန်မာကားအဝင်က ၃၀၀ နီးပါး ဖြစ်တယ်။ မြန်မာကားနှစ်စီးဆိုရင် ထိုင်းကား ၃ စီးချိန်ရတယ်။ ထိုင်းက ကားတစ်စီးမှ အိတ် ၆၀၀ လောက်တင်တာ ။ မြန်မာက အိတ် ၇၀၀ တင်တယ်။အခုတော့ ဒီဘက်မှာပစ္စည်းတွေက ပြန်ပုံလာတယ်" ဟု ရွှေစိုးမိုးရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်မှ ဦးလှမိုးက ပြောသည်။ ထို့ပြင် မတ်လအတွင်းကလည်း ထိုင်းဘတ်ငွေ မတည်ငြိမ်မှုများကြောင့် ပြောင်းဆန်တင်ပို့နေသည့် ကုန်သည် ၂၀ ခန့်မှာ ကားတစ်စီးလျှင် ၅ သိန်းမှ ၇ သိန်းခန့်အထိအရှုံး ပေါ်ခဲ့သည်။

Source: https://myanmar.mmtimes.com/news/138725.html

## ထားဝယ်စီးပွားရေးဇုန် Video Conferencing ဆွေးနွေးချက်အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူအသစ်များ တိုးတက်လာဟုဆို

COVID 19 ကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူများနှင့် Video Conferencing ဖြင့်ဆွေးနွေးရာ စိတ်ဝင်စားမှုမြင့်တက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူ အသစ်များ တိုးတက်လာဟု ထားဝယ်အထူးစီးပွားရေးဇုန်ကော်မတီမှ သိရသည်။ " COVID 19 ကျော်သွားတဲ့ကာလမှာ အရင်တုန်းက ရှိနေပြီးသား ရင်းနှီးမြှုပ်နှံမှု ပုံစံပြောင်းသွားနိုင်တယ်။ ရင်းနှီးမြှုပ်နှံမှု အသစ်တွေရောက်လာနိုင်တယ်။ အခုရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီး Video Conferencing နဲ့ ဆွေးနွေးမှုတွေ လုပ်တဲ့အခါမှာ အရင်တုန်းက မမြင်ခဲ့၊ မတွေ့ခဲ့ရပေမယ့် COVID–19 ကာလကျော်သွားတဲ့အခါမှာ ရင်နှီးမြှုပ်နှံမှု တွေ ပိုအားကောင်းလာနိုင်တယ်" ဟုထားဝယ်အထူး စီးပွားရေးဇုန်ကော်မတီ အတွင်းရေးမှူး ဒေါက်တာ တင်ထူးနိုင်က မြန်မာတိုင်းမ်သို့ပြော သည်။

ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ အထူးစိတ်ဝင်စားနေချိန် COVID –19 ကြောင့် လုပ်ငန်းစဉ်များနှောင့်နှေးကြန့်ကြာနေကြောင်း၊ ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံကိန်း ပမာဏကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဖိတ်ခေါ်ခဲ့ရာ အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ ၊ အိန္ဒိယ ၊ မလေးရှား ၊ ထိုင်း ၊ တရုတ် ၊ ကိုရီးယား၊ ၊ ဗီယက်နမ် ၊ ဩစတေးလျှနိုင်ငံများ အပြင် မြန်မာကုမ္ပဏီများပါ အထူးစိတ်ဝင်စားကာ သတင်းအချက်အလက်ကောက်ယူခြင်းများ ဆောင်ရွက်ခဲ့ ကြောင်းသိရသည်။ "Covid 19 ကြောင့် ရင်းနှီးမြှုပ်နှံမှုတွေ နှောင့်နှေးသွားတယ်။ ဖြစ်လာမယ့် အနေအထားက ဘယ်လောက်ကြာမလဲမသိဘူး။ အဲဒီကာလ အတွင်းမှာလုပ်နိုင်မယ့် နည်းလမ်းတွေကို ရှာတယ်။ ဒီရောဂါ ပြီးသွားတဲ့အခါမှာ ရှေ့တိုးနိုင်အောင် လုပ်နေတယ်။ အခုကာလ

မှာတော့ ပုံမှန်အစည်းအဝေးတွေလုပ်တယ်" ဟု ဒေါက်တာ တင်ထူးနိုင်က ပြောသည်။ ထားဝယ်အထူး စီးပွားရေးဇုန်မှာ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးပေါ်ပေါက်ခဲ့ပြီး သီလဝါ အထူးစီးပွားရေး ဇုန်ထက် ၈ ဆ ခန့်နှင့် ကျောက်ဖြူအထူး စီးပွားရေးဇုန်ထက် ၁၀ ဆ ကျော်ကြီးမားကြောင်း အရှေ့တောင်အာရှတွင် အရွယ် အစားအကြီးဆုံး အထူးစီးပွားရေးဇုန်ဖြစ်ပြီး ဧက ၅ သောင်းခန့်၊ စကွဲယား ကီလိုမီတာ ၂၀၀ ခန့်ရှိကြောင်းသိရသည်။

Source: https://myanmar.mmtimes.com/news/138676.html

# ပြည်ပကုန်သွယ်မှုသတင်း

## တရုတ်နှင့်ထိုင်းတို့က ဝယ်ယူမှုများနေခြင်းကြောင့် ငရုတ်အစိုဈေး သိသိသာသာမြင့်တက်

တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ပြည်တွင်းရှိ ငရုတ်အစိုဈေးနှုန်း သိသိသာသာ မြင့်တက်လာကြောင်း ငရုတ်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဥမ္မာကျော်ကပြောသည်။ ငရုတ်အစိုဈေးနှုန်းမှာ ယခင်ကတစ်ပိဿာလျှင် ၇၅၀ မှ ၉၀၀ ကျပ်ကြားသာ ပေါက်ဈေးရှိခဲ့ပြီး လက်ရှိတွင် တစ်ပိဿာလျှင် ကျပ် ၁၀၀၀ မှ ၁၃၀၀ ကြားအထိ ပေါက်ဈေးရှိလာကြောင်းသိရသည်။ တရုတ်နိုင်ငံကလည်း လိုအပ်ချက်တွေရှိလာတဲ့အပြင် ထိုင်းနိုင်ငံကလည်း သူတို့ဆီမှာ ငရုတ်က မရှိသလောက်နည်းသွားတဲ့အတွက် အဝယ်များလာတာပါ၊ အဲဒီအတွက်ကြောင်း ဈေးနှုန်းတွေတက်လာတာပါ။ ခုဈေးကွက်ထဲမှာ တောထုတ်ငရုတ် တစ်ပိဿာကို ၂၃၀၀ ကျပ်လောက်ထိ တက်လာတယ်ဟု ဒေါ်ဥမ္မာကျော်က ပြောသည်။ ပြည်ပဝယ်လိုအားများခြင်းကြောင့် ဈေးမြင့်တက်ခြင်းမှာ ပုံမှန်ဖြစ်သော်လည်း လက်ရှိတွင်ထိုက်သင့်ဈေးထက် ပိုရသည်များရှိသည့်အတွက်ဈေးနှုန်းတည်ငြိမ်မှုမရှိဘဲ စိုက်ပျိုးသူများသတ်မှတ်သည့် ဈေးနှုန်းဖြစ်နေသောကြောင့် ပြည်ပသို့ တင်ပို့သူများမှာ အခက်အခဲ ဖြစ်နေ ကြောင်းသိရသည်။



မြန်မာနိုင်ငံမှာ ဈေးနှုန်းထိန်းချုပ်တဲ့အဖွဲ့အစည်းဆိုတာမရှိဘူး အခုက ဈေးတွေကတအား တက်နေတယ်။ ဈေးနှုန်းတည်ငြိမ်ဖို့အတွက် တော်တော်လေးထိန်းဝယ်နေရတယ်။ အဲဒီအတွက် ဘာဖြစ်လာလည်းဆိုတော့ မြန်မာနိုင်ငံဈေးကွက်က သူများတွေမှာ လုံးဝမရှိတော့တဲ့ အချိန်မှ ရောင်းချရသလိုဖြစ်တေယ်ဟု ၄င်းကပြောသည်။ လူစုလူဝေးဖြင့် လုပ်ငန်းမလုပ်ရဟု တားမြစ် ထားသဖြင့် လုပ်ငန်းများရပ်နားထားရခြင်းကြောင့် ငရုတ်ဈေးနှုန်းများ တက်လာခြင်း ဖြစ်ကြောင်း သိရသည်။ ပြည်ပနိုင်ငံများက ငရုတ်အစိုကိုသာ အဓိကဝယ်ယူနေပြီး ငရုတ်အခြောက် မှုကို ဝယ်ယူမှုမရှိကြောင်း၊ ငရုတ် အခြောက်မှာ ပြည်တွင်း ဈေးကွက်တစ်ခုကိုသာ မီခိုရောင်းချနေရကြောင်း၊ ငရုတ်အခြောက်ကို ပြည်ပတင်ပို့နိုင်ရန် သန့်စင်ရေး ပိုင်းဆိုင်ရာကိုပိုမိုလုပ်ဆောင်ရန်လိုအပ်နေသေးကြောင်းသိရသည်။

Source: https://www.thefarmermedia.com/news/14988

## ပြည်တွင်း A ဘဏ်၏ ရှယ်ယာ ကျပ်ဘီလီယံ ၃၀၀ ကျော်ကို ထိုင်း K ဘဏ်ဝယ်ယူ

ကျပ် ၃၁၄ ဘီလီယံ တန်ဖိုးရှိသည့် ပြည်တွင်းရှိ A ဘဏ်၏ ရှယ်ယာ ၃၅ ရာခိုင်နှုန်း ကို ထိုင်း K ဘဏ်က ဝယ်ယူမည်ဖြစ်ပြီး မြန်မာနိုင်ငံဗဟိုဘဏ်၏ ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း ထိုင်းဘဏ်က ထုတ်ပြန်သည်။ K-Kasikorn ဘဏ်၏အမှုဆောင်ဒုတိယဥက္ကဋ္ဌ Pattarapong က A ဘဏ် (ရာဝတီလယ်သမားများ ဖွံ့ဖြိုးတိုးတက်ရေး ဘဏ်)၏ မတည်ငွေရင်းနှီးငွေကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ပြီး ထိုအတွက် K ဘဏ် လက်အောက်ခံ ကုမ္ပဏီ Kvision ကုမ္ပဏီက ဆောင်ရွက်မည်ဟု ဧပြီ ၁၅ ရက်တွင်ထုတ်ပြန်သည်။ ထိုသို့ရှယ်ယာဝယ်ယူခြင်းသည် အမျိုးမျိုးသောဘဏ္ဍာရေးဝန်ဆောင်မှုများဆောင်ရွက်ရန်၊ မြန်မာ့စီးပွားရေးအားကောင်းစေရန်၊ ဘဏ်လုပ်ငန်းများဖွံ့ဖြိုးတိုး တက်လာစေ ရန်နှင့် ငွေပေးချေ သည့် စနစ်အားကောင်းလာစေရန် တို့ဖြစ်သည်ဟုဆိုသည်။

ထိုင်းဘဏ်၏ ထုတ်ပြန်ချက် အရ A ဘဏ်သည် ပိုင်ဆိုင်မှု ကျပ် ၃၁၄ ဘီလီယံရှိပြီး ဗဟိုဘဏ်ကို ကျပ်ဘီလီယံ ၄၀ အပေါင်တင်ထားရသည်ဟုဆိုသည်။ A ဘဏ်တွင် ဘဏ်ခွဲ ၁၈ ခုရှိပြီး အပ်ငွေ ကျပ် ၂၆၀ ဘီလီယံနှင့် ထုတ်ချေးငွေကျပ် ဘီလီယံ ၂၁၈ ရှိသည်ဟုဆိုသည်။ Aဘဏ်ကို ၂၀၁၄ တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ဗဟိုဘဏ် က A ဘဏ်မှ ရှယ်ယာ များ ဝယ်ယူခွင့်ကို ဧပြီ



၉ ရက် တွင် ခွင့်ပြုလိုက်ပြီး နိုင်ငံခြားဘဏ်က ပြည်တွင်းဘဏ်များတွင် ရှယ်ယာဝယ်ယူခွင့်ကို ပထမဆုံး ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ အကျိုးတူ ရင်းနှီး မြှုပ်နှံမှု အဆိုပြုလွှာကို ဗဟိုဘဏ်ထံ ဇန်နဝါရီ ၈ ရက် တွင် တင်ပြပြီးဖြစ်သည်ဟု A ဘဏ် အမှုဆောင်အရာရှိချုပ် ဦးရဲမြတ်စိုးက ပြောထားသည်။ ထိုင်း Kasikorn Bank-K Bank သည် စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေး၊ လက်လီလုပ်ငန်း၊ ဒစ်ဂျစ်တယ် ငွေပေးချေမှုနှင့် နယ်စပ်ဖြတ်ကျော် ငွေပေး ချေမှုလုပ်ငန်းများကို A ဘဏ်နှင့် ပူးပေါင်း ဆောင်ရွက် မည်ဟုဆိုထားသည်။ ထိုင်း K ဘဏ်သည် ထိုင်း နိုင်ငံ၌ ၁၉၄၅ တွင် စတင် တည်ထောင်ခဲ့ပြီး လက်ရှိတွင် ဘဏ်ခွဲ ၉၀၀ ခန့် ဖွင့်လှစ်ထားသည်။

Source: https://7day.news/detail?id=184321

## အထူးဆောင်းပါးများ

### လေလွင့်ဆုံးရှုံးမှု နည်းပါးစေရန် ပဲတီစိမ်းသီးနှံ

မြန်မာ့ရေမြေနှင့် ရာသီဥတုသည် သီးနှံမျိုးစုံကို ဒေသမရွေး၊ အချိန်အခါမရွေး စိုက်ပျိုးဖြစ်ထွန်းသည်။ မိုးရွာသွန်းမှု အများဆုံးအချိန်တွင် စပါးသီးနှံကို စိုက်ပျိုးသည်။ စပါးမစိုက်မီ မိုးဦးကျတွင် ပဲမျိုးစုံသီးနှံကိုစိုက်ပျိုးသည်။ မိုးကုန်ချိန်တွင်လည်း ကြွင်းကျန်အစိုဓာတ်ဖြင့် ပဲမျိုးစုံသီးနှံကို စိုက်ပျိုးသည်။ လယ်ယာထွက် သီးနှံများတွင် ပဲမျိုးစုံသီးနှံသည် ပြည်တွင်းစားသုံးရန်သာမက ပြည်ပပို့ကုန်အဖြစ် အားထားရသည့် သီးနှံဖြစ်သည်။ ပဲမျိုးစုံသီးနှံများကို တိုးချဲ့စိုက်ပျိုးလာခြင်းကြောင့် အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်မှု၌ ဦးဆောင်နိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေရခြင်း ဖြစ်ပါသည်။ ဦးဆောင်နိုင်ငံဖြစ်သည်နှင့်အညီ အရည်အသွေးနှင့် အထွက်နှုန်းကောင်းသော ပဲမျိုးစုံသီးနှံများ ပိုမိုထုတ်လုပ်နိုင်အောင် ကြိုးစားရန် လိုအပ်ပါသည်။ ပဲမျိုးစုံသီးနှံများအနက် မိုးကြို၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးနိုင်သည့် ပဲမျိုးစုံသီးနှံတစ်မျိုးမှာ ပဲတီစိမ်း သီးနှံဖြစ်သည်။ ပဲတီစိမ်းသီးနှံသည် အလင်းရောင်တုန်ပြန်မှုမရှိသောသီးနှံတစ်မျိုးဖြစ်သည်။ နည်းပညာဖွံ့ဖြိုးတိုးတက်မှုဖြင့် သက်လျင်အထွက်ကောင်းမျိုးများကို ဖော်ထုတ်ရရှိလာသောကြောင့် ရာသီမရွေး စိုက်ပျိုးနိုင်လာ သည်။ ပြည်တွင်းစားသုံးမှုအပြင် ဈေးကွက်ကောင်းသဖြင့် ပြည်ပသို့လည်း တင်ပို့ရောင်းချနိုင်လာသည်။ စိုက်ပျိုး ကုန်ကျစရိတ်နည်းပါးခြင်းကြောင့် စိုက်ပျိုးလိုသူလည်း များပြားလာသည်။ ဤသို့ဖြင့် ပဲတီစိမ်းသီးနှံသည် သီးထပ်သီးညှပ်စိုက်ပျိုးရေးတွင် အထူးအသုံးဝင်သော သီးနှံတစ်မျိုးဖြစ်လာသည်။ ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ရောင်းချမှု ပဲတီစိမ်းသီးနှံကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ မိုးဦးရာသီတွင် စိုက်ပျိုးသည်။ မိုးလယ်ရာသီတွင်လည်း စိုက်ပျိုးသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ ဆောင်းရာသီတွင် စိုက်ပျိုးသည်။ ပဲတီစိမ်းသီးနှံ တစ်မျိုးတည်းသာ သီးသန့်စိုက်ပျိုးသကဲ့သို့ စပါးအပြီး သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးသည်။ နှမ်းလျင်၊ ပြောင်းဖူး၊ မြေပဲ စသည့် အခြားသီးနှံများနှင့် သီးထပ်စိုက်ပျိုးသည်။ ပဲစင်ငုံ၊ နှမ်းလျင်တို့နှင့်လည်း သီးညှပ်သီးနှံအဖြစ် စိုက်ပျိုးလျက်ရှိပါသည်။ မိုးဦး၊ မိုးလယ် ပဲတီစိမ်းစိုက်ပျိုးမှုသည် ရွာသွန်းသည့်မိုးရေကို အားကိုး၍ စိုက်ပျိုးခြင်း ဖြစ်သည်။ မိုးဦး၊ မိုးလယ်သာမက ယခုအခါ သွင်းရေရရှိသည့် ဒေသများ၌ မိုးကြို သို့မဟုတ် နွေရာသီတွင် ပဲတီစိမ်းကို စိုက်ပျိုးလာကြပါသည်။ လယ်မြေ (သို့မဟုတ်) ယာမြေကို ရေသွင်း၍ ထွန်ရေးပြုပြင်ပြီး စိုက်ပျိုးကာ အပင်ပေါက်သည်မှစ၍ မြေအမျိုးအစားနှင့် ရေထိန်းနိုင်မှုအပေါ်မူတည်ပြီး တစ်ပတ် သို့မဟုတ် ဆယ်ရက်ခြား ရေပေးသွင်းကာ ကြီးထွားဖွံ့ဖြိုးသီးပွင့်စေသည်။ ဤသို့ စိုက်ပျိုးသည့် ရေသွင်းနွေပဲတီစိမ်းသည် အထွက်ကောင်း သည်။ သို့ဖြစ်၍ စိုက်ဧရိယာ တိုးချဲ့လာကြောင်းသိရပါသည်။ ယခုအခါ မြန်မာနိုင်ငံအနေဖြင့် နှစ်စဉ်ပဲတီစိမ်း တန်ချိန် ၁ ဒသမ ၅ သန်းကျော်ကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ထွက်ရှိသော ပဲတီစိမ်းကို နိုင်ငံအတွင်း၌ ပဲကြာဆံ၊ ပဲပင်ပေါက်၊ ပဲဟင်းလျာ စသည်ဖြင့် စားသုံးသည်။ ပြည်တွင်း၌ အနည်းငယ်သာစားသုံးပြီး အများစုကို ပြည်ပသို့ တင်ပို့ရောင်းချသည်။ နှစ်စဉ် တန်ချိန် ၃ ဒသမ ၅ သိန်းကျော်တင်ပို့ရောင်းချလျက်ရှိသည်။ သို့ဖြစ်ရာ ပဲတီစိမ်းသည် နိုင်ငံခြားဝင်ငွေရရှိစေသည့် ပဲမျိုးစုံသီးနှံတစ်မျိုး ဖြစ်လာပါသည်။ မတ်ပဲ၊ ကုလားပဲ၊ စသည့်သီးနှံများသည် ဆောင်းရာသီတွင်သာ စိုက်ပျိုးဖြစ်ထွန်းသည်။ ပဲစင်ငုံမှာ မိုးရာသီတွင်သာ စိုက်ပျိုးနိုင်သည်။ ပဲတီစိမ်းမှာမူ အချိန်ခါမရွေး စိုက်ပျိုးနိုင်သည်။ သို့ဖြစ်၍ ပဲတီစိမ်းသီးနှံသည် ထုတ်လုပ်မှုတိုးမြှင့်ရန်နှင့် တင်ပို့ရောင်းချရန် အလားအလာကောင်းသည့် ပဲမျိုးစုံသီနှံတစ်မျိုးဖြစ်ပါသည်။

**လေလွင့်နည်းပါးရေး**

ပဲတီစိမ်းသီးနှံထုတ်လုပ်မှုမြင့်မားရေးအတွက် သက်လျှင်အထွက်ကောင်းပြီး ပိုးမွှားရောဂါဒဏ်ခံနိုင်သည့် မျိုးကို အသုံးပြုစိုက်ပျိုးရန်လိုသည်။ အထွက်ကောင်းမျိုးတိုင်း၌ အထွက်စွမ်းရည်အပြည့်အဝရှိပြီးဖြစ်သည်။ သို့သော် စနစ်တကျပြုစု ဂရုစိုက်၊ ရေသွင်း၊ ရေထုတ်မှန်ကန်၊ မြေဩဇာကျွေး၊ ပိုးမွှားရောဂါကာကွယ်ပေး၊ လိုလေး သေးမရှိအောင် ပြုစုဂရုစိုက်မှသာ တစ်ဧကအထွက်နှုန်းမြင့်မားနိုင်မည်ကို အသိပေးလိုပါသည်။ စိုက်ခင်းက ပွင့်သီးပေးသော အတောင့်အစေ့အားလုံးကို ရယူနိုင်ခြင်းရှိပါရဲ့လား။ မရှိမှာသေချာသည်။ တောင်သူလယ်သမား များသည် မိမိအိမ်သို့ရောက်ရှိပြီး ပုတ်၊ အိတ်ထဲသို့ ရောက်ရှိထည့်သွင်း သိုလှောင်နိုင်သည့် ကျီဝင်သောပမာဏ ကိုသာ တစ်ဧကအထွက်ဟု သတ်မှတ်နေရသည်။ တကယ်တော့ တစ်ဧကအထွက်သည် ထို့ထက်ပိုမည်ဖြစ်ပါသည်။ သို့ဖြစ်၍ စိုက်ခင်းက ထုတ်လုပ်သမျှ စိုက်ပျိုးသူတောင်သူ လယ်သမား ၏နေအိမ်သို့ အလေအလွင့် နည်းပါးစွာဖြင့် ရောက်ရှိအောင် ဆောင်ရွက်ရန်လိုသည်။ စို်ပျိုးသည့် မျိုးအလိုက်အထွက် စွမ်းရည် ကို အပြည့်အဝရရှိ သင့်ပါသည်။ ပဲတီစိမ်းသီးနှံ လေလွင့်ဆုံးရှုံးနိုင်သည့် လုပ်ငန်းစဉ်များမှာ ရိတ်သိမ်းစဉ် (Harvesting)၊ ခြွေလှေ့စဉ် (Thresting & Winnowing)၊ သယ်ယူပို့ဆောင်စဉ်(Trans–porting) နှင့် သိုလှောင်စဉ် (Storage)တို့တွင်ဖြစ် ကြောင်းသိရသည်။ လေလွင့်မှုများအရ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းပြီးနောက်ပိုင်း လုပ်ငန်းများဆောင်ရွက်စဉ် လျော့နည်း ဆုံးရှုံးမှု (Post–harvest losses)သည် ပဲတီစိမ်းသီးနှံအထွက်၏ ၁၀ ရာခိုင်နှုန်းခန့်ဖြစ်ကြောင်း သိရပါ သည်။

**ရိတ်သိမ်းချိန်မှန်ရေး**

မှန်ကန်သည့် ရင့်မှည့်ချိန်၌ ရိတ်သိမ်းပါက လေလွင့်ဆုံးရှုံးမှု သက်သာစေရုံသာမက ဈေးကွက်ကြိုက် အရည်အသွေးကို ရရှိစေမည်ဖြစ်သည်။ ရင့်မှည့်ချိန်ထက်စော၍ ရိတ်သိမ်းပါက ပဲတီစိမ်းအထွက်နည်းစေသည်။ မအောင့်တမာအစေ့များ ရောနှောပါဝင်လာစေသည်။ အရည်အသွေးညံ့ဖျင်းသည့်အစေ့များကို ရရှိစေသည်။ သိုလှောင်ရာတွင် ပိုးထိုးနိုင်ပါသည်။ ရိတ်သိမ်းချိန်နောက်ကျပါက သီးထောင့်များကွဲအက်ကြွေကျစေသည်။ ပဲတီစိမ်းအစေ့များ လေလွင့်ဆုံးရှုံးနိုင်သည်. ငှက်၊ ကြွက် နှင့် ပိုးမွှားများ ဖျက်ဆီးမှုကို ခံရနိုင်သည်။ မိုးရွာခြင်း၊ ရာသီဥတုဆိုးရွားခြင်းများ ဖြစ်ပေါ်ချိန်တို့တွင် ရိတ်သိမ်းပါကလည်း သီးတောင့်များပျက်ဆီးဆုံးရှုံးနိုင်ပါသည်။ ပဲတီစိမ်းပင်ရှိအတောင့်များ၏ ၈၀ ရာခိုင်နှုန်းကောင်းစွာရင့်မှည့်သည့် အချိန်သည် ရိတ်သိမ်းရန်သင့်တော်သည့် ရိတ်သိမ်းချိန်မှန်ဖြစ်သည်။ ထိုအချိန်တွင် ရိတ်သိမ်းရန်ဖြစ်ပါသည်။

**ရိတ်သိမ်းချိန်လွန်နည်းစနစ်မှန်ရေး**

ရိတ်သိမ်းပြီး ပဲတီစိမ်းအတောင့်များကို ခြွေစဉ် သုည ဒသမ ၆၃ ရာခိုင်နှုန်းနှင့် လှေ့စဉ် သုည ဒသမ ၆၁ ရာခိုင်နှုန်း လျော့နည်းနိုင်ကြောင်းသိရသည်။ သို့ဖြစ်၍ ရိတ်သိမ်းခြွေလှေ့မှုလုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်ရန်လိုသည်။ ကောင်းမွန်သည့် ခြွေလှေ့တလင်းပေါ်တွင် စနစ်တကျဂရုပြုဆောင်ရွက်သင့်ပါသည်။ သိုလှောင်သည့် နေအိမ်၊ အအောက်အအုံ၊ ဂိုဒေါင်သို့ သယ်ယူပို့ဆောင်စဉ် လေလွင့်ဆုံးရှုံးနိုင်မှုမှာ သုည ဒသမ ၁၉ မှ သုည ဒသမ ၈၆ ရာခိုင်နှုန်းအထိဖြစ်သည်။ စနစ်တကျအိတ်သွတ် သယ်ယူပို့ဆောင်ခြင်းဖြင့် လေလွင့်ဆုံးရှုံးမှု လျော့နည်းစေနိုင်ပါသည်။ ပဲတီစိမ်းအစေ့များ ရောင်းဝယ် ဖောက်ကားရန် သိုလှောင်စဉ်တွင် လေလွင့်ဆုံးရှုံး နိုင်မှုမှာ အများဆုံးဖြစ်သည်။ ၇ ဒသမ ၅ ရာခိုင်နှုန်းခန့်အထိဖြစ်သည်။ ပိုးမွှား၊ ကြွက်နှင့်ငှက်များ ဖျက်ဆီးနိုင်သည်။ အရေအတွက်သာမက အရည်အသွေးပါကျဆင်းသဖြင့် ရောင်းပန်းမလှဖြစ်နိုင် သည်။ နည်းစနစ်မှန်စွာ ဖျက်ဆီးမှုအန္တရာယ်များကို ကြိုတင်ကာကွယ်ရန်နှင့် စနစ်တကျသိုလှောင်ရန် လိုပါသည်။

**ဈေးကွက်ကြိုက်ရောင်းပန်းလှရေး**

ရိတ်သိမ်းချိန်မှန်တွင် ရိတ်သိမ်း၍ရိတ်သိမ်းပြီးနောက်ပိုင်း ခြွေလှေ့သိုလှောင်သည့် လုပ်ငန်းအဆင့်ဆင့်တွင် အလေအလွင့်နည်းအောင် ဆောင်ရွက်ပြီးပါက ဈေးကွက်ကြိုက်ရောင်းပန်လှ အရွယ်အစားများကို ခွဲခြား သင့်သည်။ စိုက်ပျိုးသူ၊ ရောင်းဝယ်သူနှင့် စားသုံးသူ အရည်အသွေးကြိုက်ဖြစ်စေသင့်ပါသည်။ ပဲတီစိမ်းရောင်းဝယ်ရာတွင် မျက်မြင်ဖြင့် အရည်အသွေး ကောင်းမှု၊ အရွယ်အစားညီညာမှု၊ အစိုဓာတ်မှန်မှု၊ ကွဲအက်အစေ့များနှင့် အခြားမလိုအပ်သည်များ မပါဝင်မှု စသည်တို့ကို ကြည့်ရှုလေ့ရှိသည်။ သို့ဖြစ်၍ ဈေးကောင်းရ၍ ဝင်ငွေကောင်းရန် အဆင့်မီအရည်အသွေးကောင်း ပဲတီစိမ်းအစေ့များကို အမျိုးအစားခွဲခြားကာ ရောင်းချသင့်ပါသည်။ ပဲတီစိမ်းသီးနှံ စိုက်ပျိုးရာတွင် ထုတ်လုပ်မှုမြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့် ကို အသုံးပြုခြင်း၊ စိုက်ချိန်နှင့် စိုက်နည်းစနစ် မှန်ကန်ခြင်း၊ မြေဩဇာအသုံးပြုခြင်း၊ ပိုးမွှားနှင့်ရောဂါ ကာကွယ်နှိမ်နင်းခြင်း စသည့်စိုက်ပျိုးသည်မှ သီးပွင့်ရင့်မှည် သည်အထိ လုပ်ငန်းအဆင့်ဆင့်မှန်ကန်ရုံဖြင့် ပြည့်စုံခြင်းမရှိသေးချေ။ ရိတ်သိမ်းချိန်

မှန်ရမည်။ ခြေလှေ့သိုလှောင်မှု စနစ်မှန်ရမည်။ ထို့ပြင်အရည်အသွေးမကျဆင်းရေး၊ အဆင့်အတန်းမီ အရွယ်အစားညီညာရေး ကိုလည်း ဦးစားပေး သင့်ကြောင်း အသိပေးရေးသားလိုက်ရပါသည်။

Source: https://www.thefarmermedia.com/news/15022

## ကုန်သွယ်မှုအခြေအနေ

### ၂၀၂၀၊ ဧပြီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပစ္စည်း | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 32,160,067.280 | 155.841 | | 1 | ရေနံထွက်ပစ္စည်းများ | 142.004 |
| 2 | သဘာဝဓါတ်ငွေ့ | kg | 12,434,931.411 | 111.330 | | 2 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 110.289 |
| 3 | ပြောင်း | မတန် | 196,644.750 | 31.681 | | 3 | လျှပ်စစ်ဓါတ်ဖြန့်ဖြူးရေးနှင့်တပ်ဆင်ရေးပစ္စည်းများ | 86.429 |
| 4 | ဆန် | မတန် | 40,405.900 | 13.914 | | 4 | ချည်ထည်များ | 65.374 |
| 5 | ငါး | မတန် | 33,105.198 | 30.840 | | 5 | စက်နှင့်စက်ပစ္စည်းများ | 62.186 |
| 6 | ဆန်ကွဲ | မတန် | 30,607.000 | 8.137 | | 6 | စားအုန်းဆီ | 36.526 |
| 7 | ကြက်သွန်နီ | မတန် | 17,457.900 | 5.811 | | 7 | ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ | 36.088 |
| 8 | သတ္တုနှင့်သတ္တုရိုင်းများ | မတန် | 17,158.450 | 26.958 | | 8 | မော်တော်ယာဉ်နှင့်မော်တော်ယာဉ်ပစ္စည်းများ | 30.873 |
| 9 | (ယ)ပဲလွန်းဖြူ | မတန် | 11,048.349 | 5.513 | | 9 | ဆေးဝါးပစ္စည်းများ | 22.283 |
| 10 | (စ)ထောပတ်ပဲ | မတန် | 9,021.854 | 5.466 | | 10 | သံနှင့်သံမဏိပစ္စည်းများ | 17.896 |

### ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

US$-Million

| စဉ် | ပို့ကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၁၇-၄-၂၀၁၉) ထိ | ၂၀၁၉-၂၀၂၀ (၁၇-၄-၂၀၂၀) ထိ | တိုး/လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၁၈-၂၀၁၉ (၁၇-၄-၂၀၁၉) | ၂၀၁၉ -၂၀၂၀ (၁၇-၄ -၂၀၂၀) | တိုး/လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 1868.552 | 2279.424 | 410.872 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 2966.182 | 4411.752 | 1445.570 |
| ၂ | တိရိစ္ဆာန်ထွက် | 279.157 | 58.804 | -220.353 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 3618.637 | 3771.802 | 153.165 |
| ၃ | ရေထွက် | 468.168 | 535.401 | 67.233 | | | | | | |
| ၄ | သတ္တုတွင်းထွက် | 776.344 | 1135.800 | 359.456 | | ၃ | လူသုံးကုန်ပစ္စည်း | 1795.735 | 1917.947 | 122.212 |
| ၅ | သစ်တောထွက် | 100.473 | 94.830 | -5.643 | | ၄ | CMP | 1202.666 | 1189.122 | -13.544 |
| ၆ | စက်မှုကုန်ချော | 5147.184 | 5404.441 | 257.257 | | | | | | |
| ၇ | အခြား | 521.044 | 355.971 | -165.073 | | | | | | |
| | **စုစုပေါင်း** | **9160.922** | **9864.671** | **703.749** | | | **စုစုပေါင်း** | **9583.220** | **11290.623** | **1707.403** |

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၀၊ ဧပြီလအတွင်း မြို့နယ်အလိုက် ဆန်တစ်အိတ်ဈေးနှုန်း

| မြို့နယ် | ဆန်(နွေ)ရှယ် ၅ % | ပေါ်ဆန်း | ရွှေဘိုပေါ်ဆန်း(သစ်) | ဧည့်မထဆန် ၂၅ % |
|---|---|---|---|---|
| ဖျာပုံ | 24000–24500 | 38000–40000 | | – |
| မြောင်းမြ | 23500–24500 | 38000–40000 | | – |
| ဒေးဒရဲ | 23000–23800 | 37000–39000 | | – |
| ဝါးခယ်မ | 23500–24000 | 37000–39000 | | – |
| ဘိုကလေး | 23000–23500 | 37000–39000 | | – |
| မော်ကျွန်း | 23000–24000 | 37000–39000 | | – |
| လပွတ္တာ | – | 37000–39000 | | – |
| ကျိုက်လတ် | 23500–24000 | 37000–39000 | | – |
| ဘုရင့်နောင်(သစ်) | 22000–23500 | | 50000–54000 | 19800–20800 |

**Source: MRF**

## ၂၀၂၀၊ ဧပြီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်) (ရောဝတီတိုင်း)

| စဉ် | ရက်စွဲ | ပေါ်ဆန်း | | | ညှော်မထ | | | ငစိန် | | | ဆန်ကွဲ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.4.2020 | 37000 | 36000 | 35000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 2 | 2.4.2020 | 37000 | 36000 | 35000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 3 | 3.4.2020 | 37000 | 36000 | 35000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 4 | 6.4.2020 | 37000 | 36000 | 35000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 5 | 7.4.2020 | 36000 | 35000 | 34000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 6 | 8.4.2020 | 37000 | 36000 | 35000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 7 | 9.4.2020 | - | - | - | - | - | - | - | - | - | - | - | - |
| 8 | 20.4.2020 | - | - | - | - | - | - | - | - | - | - | - | - |
| 9 | 21.4.2020 | - | - | - | - | - | - | - | - | - | - | - | - |
| 10 | 22.4.2020 | - | - | - | - | - | - | - | - | - | - | - | - |
| 11 | 23.4.2020 | - | - | - | - | - | - | - | - | - | - | - | - |
| 12 | 24.4.2020 | - | - | - | - | - | - | - | - | - | - | - | - |
| 13 | 27.4.2020 | 37000 | 36000 | 35000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 14 | 28.4.2020 | 37000 | 36000 | 35000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 15 | 29.4.2020 | 37000 | 36000 | 35000 | 23500 | 23000 | 22500 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |
| 16 | 30.4.2020 | 37000 | 36000 | 35000 | 22500 | 22200 | 22000 | 19000 | 18500 | 18000 | 17500 | 16500 | 16000 |

**Source:** ဝါးတန်းကုန်စည်ဒိုင်

## ၂၀၂၀၊ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ / RC | | ပဲစင်းငုံ RC | | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|---|---|
| | | ၂၀၁၈ | ၂၀၁၉ | ၂၀၁၇ | ၂၀၂၀ | | | | |
| 1 | 1.4.2020 | | 927500 | | 770000 | | | | |
| 2 | 2.4.2020 | | 940000 | | | | | 704200-716500 | 584800-597100 |
| 3 | 3.4.2020 | | 933000 | | | | | 704200-716500 | 584800-597100 |
| 4 | 6.4.2020 | 966000 | | | | | | 704200-716500 | 584800-597100 |
| 5 | 7.4.2020 | | 972000 | | | | 1295200-1328900 | 744100-756300 | 584800-609300 |
| 6 | 8.4.2020 | | 987000 | | | 967600-1022700 | 1255400-1298300 | 744100-756300 | 584800-609300 |
| 7 | 9.4.2020 | | | | | | | | |
| 8 | 20.4.2020 | | | | | | | | |
| 9 | 21.4.2020 | | 950000 | | | 989000-1022700 | 1295200-1316700 | 888000-900200 | 584800-597100 |
| 10 | 22.4.2020 | | | | | 989000-1022700 | 1319700-1328900 | 875700-888000 | 584800-597100 |
| 11 | 23.4.2020 | | 970000 | | | 989000-1022700 | 1295200-1316700 | 835900-857300 | 584800-597100 |
| 12 | 24.4.2020 | | 993000 | | | 989000-1022700 | 1328900 | 875700-888000 | 584800-597100 |
| 13 | 27.4.2020 | | | | | 989000-1022700 | 1259200-1328900 | 835900-857300 | 584800-597100 |
| 14 | 28.4.2020 | | 973000 | | | 989000-1022700 | 1259200-1328900 | 835900-857300 | 584800-597100 |
| 15 | 29.4.2020 | | | | | 989000-1022700 | 1259200-1298300 | 835900-857300 | 584800-597100 |
| 16 | 30.4.2020 | | 963000 | | | 1019600-1071700 | 1295200-1347300 | 814500-839000 | 584800-597100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၀ ဧပြီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံ ၁ တန် ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျွန်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်)(အထွက်တိုး) | ပြောင်းဆံ |
|---|---|---|---|---|---|---|
| 1 | 1.4.2020 | 1007400–1031900 | | 692000–716500 | 643000–664400 | 275600–278600 |
| 2 | 2.4.2020 | 1007400–1031900 | | 692000–716500 | 643000–664400 | 275600–278600 |
| 3 | 3.4.2020 | 1007400–1031900 | | 692000–716500 | 643000–664400 | 275600–278600 |
| 4 | 6.4.2020 | 995100–1031900 | 866500–878800 | 692000–716500 | 643000–664400 | 275600–284800 |
| 5 | 7.4.2020 | 995100–1031900 | 866500–878800 | 692000–716500 | 643000–664400 | 275600–284800 |
| 6 | 8.4.2020 | 995100–1031900 | 866500–878800 | 692000–716500 | 643000–664400 | 275600–284800 |
| 7 | 9.4.2020 | | | | | |
| 8 | 20.4.2020 | | | | | |
| 9 | 21.4.2020 | 918600–976800 | 866500–888000 | 682800–918600 | 630800–643000 | 287800–297000 |
| 10 | 22.4.2020 | 918600–976800 | 866500–888000 | 713400–747100 | 630800–643000 | 315400–330700 |
| 11 | 23.4.2020 | 918600–976800 | 866500–888000 | 682800–716500 | 630800–643000 | 315400–330700 |
| 12 | 24.4.2020 | 918600–976800 | 866500–888000 | 713400–747100 | 664100–685900 | 293900–306200 |
| 13 | 27.4.2020 | 918600–976800 | 866500–888000 | 713400–747100 | 630800–643000 | 293900–306200 |
| 14 | 28.4.2020 | 918600–976800 | 866500–888000 | 713400–747100 | 630800–643000 | 293900–306200 |
| 15 | 29.4.2020 | 918600–976800 | 866500–888000 | 713400–747100 | 673600–685900 | 293900–306200 |
| 16 | 30.4.2020 | 918600–976800 | 866500–900200 | 744100–765500 | 630800–643000 | 293900–306200 |

၂ Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၀ ဧပြီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 6.4.2020 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 | 950-1000 |
| 2 | 20.4.2020 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 | 950-1000 |
| 3 | 27.4.2020 | 1150-1200 | 1100-1150 | 1050-1100 | 1000-1050 | 950-1000 |

Source: mrppa





## ပြည်ပတင်ပို့သော ဈေးနှုန်းများ (FOB)

### ၂၀၂၀၊ ဧပြီလအတွင်းဖြစ်ပေါ်ခဲ့သော (FOB) ဆန်ဈေးနှုန်းများ

| Name | 1.4.2020 to 7.4.2020 | 8.4.2020 to 14.4.2020 |
|---|---|---|
| Emata 5 % | 360-365 | 360-365 |
| Emata 10 % | 350-355 | 350-355 |
| Emata 15% | 340-345 | 340-345 |
| Emata 25 % | 310-315 | 310-315 |
| Emata 35 % | 300-310 | 300-310 |
| Ngasein 5% | 370-380 | 370-380 |
| Ngasein 15% | 355-365 | 355-365 |
| Ngasein 20% | 350-355 | 350-355 |
| Ngasein 25% | 330-335 | 330-335 |
| A 1-2 | 315-320 | 315-320 |
| B 1-2 | 270-275 | 270-275 |
| B 2-3-4 | 265-270 | 265-270 |
| B 1&Extra | 265-285 | 265-285 |
| Glutinous 5 % | 425-430 | 425-430 |
| Glutinous 25 % | 400-410 | 400-410 |
| Parboiled Rice 5% | 460-465 | 460-465 |
| Parboiled Rice 10% | 450-455 | 450-455 |
| Parboiled Rice 15% | 435-440 | 435-440 |

Source: MRF

### ၂၀၂၀၊ ဧပြီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Curde Oil (USD/bbl) | Bernt Curde Oil (USD / bbl) | RBoB Gasoline (Usd/ gal) | Narural Gas USD/ MMBtu) | Heading Oil (Usd/ gal) |
|---|---|---|---|---|---|---|
| 1 | 1.4.2020 | 20.50 | 22.74 | 57.32 | 1.64 | 99.14 |
| 2 | 2.4.2020 | 21.23 | 26.20 | 57.82 | 1.60 | 95.54 |
| 3 | 3.4.2020 | 24.31 | 29.06 | 65.33 | 1.56 | 100.47 |
| 4 | 6.4.2020 | 27.14 | 33.3 | 68.04 | 1.54 | 106.50 |
| 5 | 7.4.2020 | 26.94 | 33.99 | 72.10 | 1.76 | 107.35 |
| 6 | 8.4.2020 | 24.90 | 32.58 | 65.98 | 1.89 | 104.03 |
| 7 | 9.4.2020 | 25.66 | 33.27 | 70.08 | 1.80 | 102.50 |
| 8 | 20.4.2020 | 15.29 | 27.79 | 72.53 | 1.75 | 95.24 |
| 9 | 21.4.2020 | 1.35 | 25.21 | 65.79 | 1.95 | 90.29 |
| 10 | 22.4.2020 | 12.63 | 18.65 | 54.00 | 1.83 | 74.00 |
| 11 | 23.4.2020 | 14.15 | 20.70 | 66.77 | 1.92 | 73.90 |
| 12 | 24.4.2020 | 17.59 | 22.31 | 62.94 | 1.82 | 72.12 |
| 13 | 27.4.2020 | 15.90 | 21.45 | 65.1 | 1.72 | 66.11 |
| 14 | 28.4.2020 | 10.73 | 19.05 | 64.21 | 1.85 | 60.00 |
| 15 | 29.4.2020 | 14.05 | 21.25 | 70.10 | 1.79 | 63.02 |
| 16 | 30.4.2020 | 16.78 | 24.50 | 77.24 | 1.87 | 69.45 |

Source: Bloomberg Commodities

## ၂၀၂၀၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ

| ပဲအမျိုးအစား | | 1 .4. 2020 to 3. 4. 2020 | 6 .4 .2020 to 9 .4 .2020 | 20. 4 .2020 to 24. 4. 2020 | 27. 4 .2020 to 30. 4 .2020 |
|---|---|---|---|---|---|
| မတ်ပဲ(2018 crop) | FAQ | 660-680 | 670-690 | 690-710 | 700-720 |
| | SQ | 760-780 | 770-790 | 785-805 | 785-805 |
| | အခွံချွတ် အလုံး/ အခြမ်း | 945-975 | 960-990 | 990-1015 | 1000-1030 |
| | အခွံပါ အခြမ်း | 825-850 | 840-865 | 865-890 | 875-900 |
| မတ်ပဲ (2017 crop) | FAQ | 650-670 | 660-680 | 680-700 | 690-710 |
| | SQ | 745-765 | 755-775 | 775-795 | 775-795 |
| | အခွံချွတ် အလုံး/ အခြမ်း | 930-960 | 945-975 | 975-1000 | 990-1015 |
| | အခွံပါ အခြမ်း | 815-840 | 825-850 | 850-875 | 865-890 |
| ပဲတီစိမ်း | FAQ (အညာ) | 800-825 | 800-825 | 800-825 | 800-825 |
| | FAQ (ပခုက္ကူ) | 800-830 | 800-830 | 800-830 | 800-830 |
| | ရွှေဝါအသေး (Under 3.5 mm) | 850-875 | 850-875 | 850-875 | 850-875 |
| | ရွှေဝါအကြီး (Size 3.5 mm &up) | 950-980 | 950-980 | 950-980 | 950-980 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 925-950 | 925-950 | 925-950 | 925-950 |
| | အခွံပါအလုံးသေးအခြမ်း(ပခုက္ကူ) | 940-1020 | 940-1020 | 940-1020 | 940-1020 |
| | အခွံချွတ်အလုံးသေးအခြမ်း(အညာ) | 1050-1075 | 1050-1075 | 1050-1075 | 1050-1075 |
| | အခွံချွတ်အလုံးသေးအခြမ်း(ပခုက္ကူ) | 1020-1050 | 1020-1050 | 1020-1050 | 1020-1050 |
| | အခွံချွတ်အလုံးကြီးအခြမ်း(ပခုက္ကူ) | 1025-1050 | 1025-1050 | 1025-1050 | 1025-1050 |
| ပဲစင်းငုံ (2018 crop) | အနီ (FAQ) (သို့) Lemon | 550-570 | 550-570 | 570-590 | 580-600 |
| | ဖြူနီ (FAQ) | 550-570 | 550-570 | 570-590 | 580-600 |
| | အဖြူ (FAQ) | 550-570 | 550-570 | 570-590 | 580-600 |
| ပဲစင်းငုံ (2017 crop) | အနီ (FAQ) (သို့) Lemon | 540-560 | 540-560 | 550-570 | 560-580 |
| | ဖြူနီ (FAQ) | 540-560 | 540-560 | 560-580 | 560-580 |
| | အဖြူ (FAQ) | 540-560 | 540-560 | 560-580 | 560-580 |
| ကုလားပဲဖြူလုံးကြီး | FAQ | 600-630 | 600-630 | 600-630 | 600-630 |
| | အခွံချွတ်အခြမ်း | 800-840 | 800-840 | 800-840 | 800-840 |
| ပဲလွန်းဖြူ | FAQ | 600-625 | 600-625 | 600-625 | 600-625 |
| | SQ (12.5 ဧကာ) | 725-750 | 725-750 | 725-750 | 725-750 |
| ပဲလွန်းနီ | FAQ | 500-530 | 500-530 | 500-530 | 500-530 |
| မြေထောက်ပဲ | FAQ | 975-1000 | 975-1000 | 850-900 | 850-900 |
| | အခွံချွတ်အခြမ်း | 1190-1250 | 1190-1250 | 1050-1100 | 1050-1100 |
| | အခွံပါအခြမ်း | 1030-1055 | 1030-1055 | 1020-1030 | 1020-1030 |
| ပဲထောပတ် | FAQ | 500 | 500 | 500-525 | 525-560 |
| | အခွံချွတ်အခြမ်း | 550 | 550 | 550-600 | 600-625 |
| | အခွံပါအခြမ်း | 550 | 550 | 550-600 | 600-625 |
| ပြောင်း | | 215-235 | 215-235 | 215-235 | 215-235 |
| နှမ်းဖြူ | | 1450-1475 | 1450-1475 | 1350-1400 | 1350-1400 |
| နှမ်းနက် (စမုံ) | | 2300-2400 | 2300-2400 | 2300-2400 | 2100-2400 |
| နှမ်းမှုန် | | 1750-1850 | 1750-1850 | 1750-1850 | 1650-1750 |
| နှမ်းညို | | 1400-1450 | 1400-1450 | 1350-1400 | 1350-1400 |
| နှမ်းနက်(ရိုးရိုး) | | 1700-1800 | 1700-1800 | 1800-1900 | 1800-1900 |
| ပဲကြီး | | 700-750 | 700-750 | 700-750 | 700-750 |
| ပဲယင်း | | 520-550 | 520-550 | 520-550 | 520-550 |
| ဘိုကိတ် | | 380-410 | 380-410 | 380-410 | 380-410 |
| နံနံစေ့ | | 550-600 | 550-600 | 550-600 | 550-600 |

Source: ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၀၊ ဧပြီလအတွင်း ရော်ဘာဈေးနှုန်း

| No | Date | LATEX | RSS | | TSR | |
|---|---|---|---|---|---|---|
| | | Malaysia Latex 60% | Bangkok RSS3 | Kottayam (India) RSS4 | Bangkok STR20 | Kuala Lumpur SMR20 |
| 1 | Apr 1 2020 | 96.22 | * | * | * | 105.25 |
| 2 | Apr 2 2020 | 95.08 | * | * | * | 106.80 |
| 3 | Apr 3 2020 | 94.71 | * | * | * | 106.70 |
| 4 | Apr 6 2020 | 94.27 | * | * | * | 108.00 |
| 5 | Apr 7 2020 | 94.88 | * | * | * | 108.45 |
| 6 | Apr 8 2020 | 96.75 | * | * | * | 111.95 |
| 7 | Apr 9 2020 | 97.50 | * | * | * | 113.05 |
| 8 | Apr 10 2020 | 96.91 | * | * | * | 112.10 |
| 9 | Apr 13 2020 | 97.48 | * | * | * | 113.85 |
| 10 | Apr 14 2020 | 97.36 | * | * | * | 112.20 |
| 11 | Apr 15 2002 | 97.46 | * | * | * | 112.50 |
| 12 | Apr 16 2020 | 96.86 | * | * | * | 111.65 |
| 13 | Apr 17 2020 | 97.65 | * | * | * | 113.25 |
| 14 | Apr 20 2020 | 98.17 | * | * | * | 114.60 |
| 15 | Apr 21 2020 | 97.01 | * | * | * | 111.95 |
| 16 | Apr 22 2020 | 109.80 | * | * | * | 110.05 |
| 17 | Apr 24 2020 | 97.46 | * | * | * | 111.20 |
| 18 | Apr 27 2020 | 96.92 | * | * | * | 110.80 |
| 19 | Apr 28 2020 | 96.11 | * | * | * | 110.10 |
| 20 | Apr 29 2020 | 95.36 | * | * | * | 107.60 |
| 21 | Apr 30 2020 | 96.20 | * | * | * | 108.15 |

Source: Association of natural rubber producting countries

## ရွှေဈေးနှုန်းအခြေအနေ


## ၂၀၂၀၊ ဧပြီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (US$ ) နှင့် မြန်မာ့ရွှေဈေး (ကျပ်)

| No | Date | London | New York | Yangon | Mandalay |
|---|---|---|---|---|---|
| 1 | 1.4.2020 | 1591 | 1592 | – | 1138000 |
| 2 | 2.4.2020 | 1591 | 1592 | – | |
| 3 | 3.4.2020 | 1620 | 1621 | – | 1143000 |
| 4 | 6.4.2020 | 1625 | 1627 | – | 1144500 |
| 5 | 7.4.2020 | 1660 | 1661 | – | 1164000 |
| 6 | 8.4.2020 | 1653 | 1656 | – | 1167500 |
| 7 | 9.4.2020 | 1654 | 1653 | – | 1164000 |
| 8 | 20.4.2020 | 1689 | 1713 | – | 1138000 |
| 9 | 21.4.2020 | 1696 | 1726 | – | 1147000 |
| 10 | 22.4.2020 | 1688 | 1726 | – | 1148000 |
| 11 | 23.4.2020 | 1713 | 1714 | – | 1153000 |
| 12 | 24.4.2020 | 1725 | 1726 | – | |
| 13 | 27.4.2020 | 1727 | 1728 | – | 1160500 |
| 14 | 28.4.2020 | 1705 | 1739 | – | 1159000 |
| 15 | 29.4.2020 | 1714 | 1715 | – | 1174500 |
| 16 | 30.4.2020 | 1713 | 1726 | – | 1190000 |

Source: Bullionvault, etrademyanmar

## ၂၀၂၀၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(US$)

| Date | Dollar | Earning |
|---|---|---|
| 1.4.2020 | 1392 | |
| 2.4.2020 | 1395 | 1400 |
| 3.4.2020 | 1400 | 1408 |
| 6.4.2020 | 1413 | 1425 |
| 7.4.2020 | 1435 | 1455 |
| 8.4.2020 | 1433 | 1440 |
| 9.4.2020 | 1420 | 1428 |
| 20.4.2020 | 1415 | 1420 |
| 21.4.2020 | 1425 | 1430 |
| 22.4.2020 | 1440 | 1443 |
| 23.4.2020 | 1430 | 1430 |
| 24.4.2020 | 1420 | 1416 |
| 27.4.2020 | 1420 | 1422 |
| 28.4.2020 | 1422 | 1420 |
| 29.4.2020 | 1420 | 1420 |
| 30.4.2020 | 1413 | 1413 |




Source: e trade Myanmar

## ၂၀၂၀၊ ဧပြီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.4.2020 | | | | | | |
| 2 | 2.4.2020 | 1398.7 | 42.423 | 197.08 | 978.30 | 18.307 | 1303.8 |
| 3 | 3.4.2020 | 1405.4 | 42.640 | 198.10 | 797.20 | 18.478 | 1296.3 |
| 4 | 6.4.2020 | 1421.6 | 43.249 | 200.43 | 990.30 | 18.655 | 1301.5 |
| 5 | 7.4.2020 | 1449.6 | 44.296 | 205.37 | 1017.1 | 19.180 | 1330.6 |
| 6 | 8.4.2020 | 1442.5 | 43.985 | 204.15 | 1010.2 | 18.894 | 1325.3 |
| 7 | 9.4.2020 | 1429.4 | 43.573 | 202.44 | 1004.0 | 18.725 | 1313.1 |
| 8 | 20.4.2020 | 1426.4 | 43.930 | 201.69 | 1003.4 | 18.664 | 1324.4 |
| 9 | 21.4.2020 | 1429.5 | 44.039 | 201.76 | 1001.2 | 18.606 | 1331.7 |
| 10 | 22.4.2020 | 1440.1 | 44.461 | 203.28 | 1009.6 | 18.817 | 1338.6 |
| 11 | 23.4.2020 | 1430.7 | 44.267 | 202.09 | 1004.4 | 18.787 | 1329.0 |
| 12 | 24.4.2020 | 1718.6 | 43.71 | 200.37 | 995.50 | 18.567 | 1317.1 |
| 13 | 27.4.2020 | 1417.7 | 43.635 | 200.18 | 999.00 | 18.603 | 1322.8 |
| 14 | 28.4.2020 | 1419.0 | 43.729 | 200.31 | 1001.3 | 18.635 | 1325.2 |
| 15 | 29.4.2020 | 1418.3 | 43.781 | 200.48 | 1003.1 | 18.748 | 1331.7 |
| 16 | 30.4.2020 | 1410.9 | 43.553 | 199.44 | 997.90 | 18.650 | 1324.7 |

Source: Central Bank of Myanmar